# ဆရာများအတွက် အမှာစာ

ဤအမှာစာတွင် ဆရာလမ်းညွှန်စာအုပ်မိတ်ဆက် (Introduction)၊ သင်ခန်းစာအစီအစဉ်များ (Lesson Plans)နှင့်ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက်(Glossary of Words)ဟူ၍ အဓိကအပိုင်း ၃ ပိုင်းပါရှိသည်။

## ၁။ ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်

ဆရာများသိရှိထားသင့်သော အောက်ပါအကြောင်းအရာများပါဝင်သည်။

(က) ကျောင်းသားဗဟိုပြုသင်ကြားနည်းကို ခြုံငုံတင်ပြခြင်း
(ခ) ထိရောက်သောသင်ကြားသင်ယူမှုအတွက် အခြေခံစည်းမျဉ်းများ
(ဂ) ဘလွန်းမ်၏ သင်ယူမှုအဆင့်ခွဲခြမ်းစိတ်ဖြာခြင်း
(ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင် မေးမြန်းနိုင်သောမေးခွန်းများ
(င) စာသင်ခန်းအဆင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းကို ခြုံငုံတင်ပြခြင်း
(စ) ၂၁ ရာစုကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ
(ဆ) အလယ်တန်းနှင့်အထက်တန်းအဆင့်စာသင်ခန်းတွင်း လူမှုရေးရှုထောင့်များကို ခြုံငုံတင်ပြခြင်း
(ဇ) သင်ရိုးမာတိကာနှင့် စာသင်နှစ်တစ်နှစ်စာသင်ခန်းစာအစီအစဉ်

### (က) ကျောင်းသားဗဟိုပြုသင်ကြားနည်းကို ခြုံငုံတင်ပြခြင်း

ကျောင်းသားဗဟိုပြုသင်ကြားသည့် အလယ်တန်းနှင့်အထက်တန်းအဆင့်စာသင်ခန်းများတွင် အောက်ဖော်ပြပါအဓိကအချက်များကို လေ့လာတွေ့ရှိရပါသည်။

- သင်ခန်းစာများသည် စိတ်ဝင်စားဖွယ်ဖြစ်ပြီး ကျောင်းသားများ၏လက်တွေ့ဘဝနှင့် ဆီလျော်၍ အဓိပ္ပာယ်ရှိသည်။
- ကျောင်းသားများသည် ပူးပေါင်းဆောင်ရွက်ကြ၍ တက်ကြွစွာလည်း သင်ယူကြသည်။
- ကျောင်းသားများအတွက် လက်တွေ့ဘဝတွင် တွေ့ကြုံရမည့် အခက်အခဲပြဿနာများနှင့် စိန်ခေါ်မှုများကို ဖြေရှင်းပေးနိုင်သည့် အခြေအနေများရရှိစေရန် ဖန်တီးပေးသည်။
- ကျောင်းသားများသည် ပြဿနာဖြေရှင်းခြင်းနှင့် အဆင့်မြင့်ဆန်းစစ်တွေးခေါ်ခြင်း တို့ဖြင့် ကျွမ်းကျင်မှုများဖွံ့ဖြိုးလာသည်။
- ဆရာက ကျောင်းသားများအား ရှင်းပြသည်။ မေးခွန်းများမေးသည်။ ရှင်းပြဖြေကြားသည်ကို ပြန်နားထောင်သည်။ ကျောင်းသားများကလည်း ဆွေးနွေးကြသည်။ မေးခွန်းများမေးကြသည်။ နားထောင်ကြသည်။

### (ခ) ထိရောက်သောသင်ကြားသင်ယူမှုအတွက် အခြေခံစည်းမျဉ်းများ

ဆရာနှင့် ကျောင်းသားများ အောက်ပါတို့ကို အတူတကွဆောင်ရွက်ကြသည်။

- ဆရာက ကျောင်းသားများ၏သင်ယူမှုကို ရှင်းလင်းအောင်ဆောင်ရွက်ပေးသည်။

DBEBOX - Copyright Protected

- ဆရာနှင့်ကျောင်းသားများသည် သင်ကြားသင်ယူမှု ချဉ်းကပ်နည်းမျိုးစုံသုံးကြသည်။
- ဆရာနှင့် ကျောင်းသားများသည်တိကျရှင်းလင်းသော သင်ကြားသင်ယူမှုရရှိရန် တုံ့ပြန်အကြံပြုချက်များ ပုံမှန်ပြုလုပ်ကြသည်။

## (ဂ) ဘလွန်းမ်၏ သင်ယူမှုအဆင့်ခွဲခြမ်းစိတ်ဖြာခြင်း

ကျောင်းသားများ အဆင့်မြင့်စဉ်းစားတွေးခေါ်မှုစွမ်းရည်များရရှိစေရန် အသုံးချသည်၊ စိစစ်ပိုင်းခြားသည်၊ အကဲဖြတ်သည်၊ တီထွင်ဖန်တီးသည်စသောကျွမ်းကျင်မှုများကို ရရှိစေရန် သင်ခန်းစာများတွင် ၎င်းအဆင့်၏လုပ်ဆောင်ချက်များဖြင့် ထည့်သွင်းအသုံးပြုထားသည်။




ဘလွန်းမ်၏ သင်ကြားသင်ယူမှုအဆင့်များပြပုံ

## (ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင် မေးမြန်းနိုင်သောမေးခွန်းများ

ဆရာသည် သင်ခန်းစာ၏ အစ၊ အလယ်နှင့်အဆုံးအဆင့်များတွင် မိမိကိုယ်ကို အောက်ဖော်ပြပါမေးခွန်းများဖြင့် မေးမြန်းဆန်းစစ်သင့်ပါသည်။

**သင်ခန်းစာအစတွင်–**

ယခုသင်မည့် သင်ခန်းစာပြီးဆုံးသွားလျှင်ကျောင်းသားများသည် မည်သည့်ကျွမ်းကျင်မှုများနှင့် အသိဉာဏ်ပညာများကို သင်ယူရရှိသွားမည်နည်း။

သင်ယူမှုအစဉ်တွင် ကျောင်းသားများကို မည်ကဲ့သို့စုစည်းသင်ပြမည်နည်း။

ကျောင်းသားများကြိုတင်သိရမည့်အကြောင်းအရာကို မည်ကဲ့သို့စုံစမ်းမည်နည်း။

ကြိုတင်သိရမည့်အကြောင်းအရာကို မသိသေးပါက မည်သို့ရှင်းပြမည်နည်း။

သင်ခန်းစာသင်ကြားနေစဉ် မည်သည့်အချိန်တွင် မည်သည့်သင်ထောက်ကူသုံးမည်နည်း။

DEE BOX - Copyright Protected

**သင်ခန်းစာအလယ်တွင်–**

သင်ပြနေစဉ် သင်ကြားသင်ယူမှုလုပ်ငန်းသည် မျှော်မှန်းထားသကဲ့သို့မဖြစ်လျှင် မည်သို့ပြုလုပ်မည်နည်း။

ကျောင်းသားများနားလည်သဘောပေါက်စေရန် အခြားအချက်အလက်များ လိုအပ်ပါကမည်ကဲ့သို့ပြုလုပ်မည်နည်း။

**သင်ခန်းစာအဆုံးတွင်–**

မျှော်မှန်းထားသည့်အတိုင်း သင်ကြားမှုရည်ရွယ်ချက်ပေါက်မြောက်မှု ရှိ၊ မရှိ။

ကျောင်းသားများရရှိရမည့် မှတ်မိမှု၊ နားလည်သဘောပေါက်မှု၊ အသုံးချတတ်မှု၊ တွေးခေါ်မှု၊ စိစစ်ပိုင်းခြားတတ်မှု၊ အကဲဖြတ်တတ်မှု၊ တီထွင်ဖန်တီးတတ်မှု ရရှိခြင်းရှိ၊ မရှိ။

## (င) စာသင်ခန်းအဆင့် တတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းကို ခြုံငုံတင်ပြခြင်း

တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်း၏ ၉၀ % ကို ပြုလုပ်နိုင်သည်။ သင်ကြားခြင်းအောင်မြင်မှုရှိ မရှိအတွက် သင်ကြားနေစဉ် စစ်ဆေးပြီး ပြန်လည်ပြင်ဆင်သင်ကြားနိုင်သည်။ သို့မှသာ နောင်တွင်မည်ကဲ့သို့သင်ကြားသင့်၊ သင်ယူသင့်သည်ကို ခွဲခြားသိရှိနိုင်သည်။ ထိရောက်သော သင်ကြားသင်ယူမှုရရှိရန် နည်းဗျူဟာများကို အစားထိုးအသုံးပြုနိုင်သည်။

စာသင်ခန်းအဆင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းတွင် အောက်ပါနည်းများပါဝင်သည်။

**ကျောင်းသားဗဟိုပြုမှု** – ဆရာနှင့် ကျောင်းသားများတွင် ဆရာက သင်ကြားခြင်းထက် ကျောင်းသားများကိုယ်တိုင်စူးစမ်းလေ့လာခြင်းနှင့် သင်ယူမှုပိုမိုတိုးတက်ရေးကို အလေးထားကြသည်။ ကျောင်းသားများသည်ဆရာကမည်သည်ကိုလုပ်ဆောင်ရန်ပြော၍မဟုတ်ဘဲ မည်သည်ကိုသင်ယူရန် နားလည်ကြသည်။

**ဆရာ၏ စီစဉ်ဆုံးဖြတ်မှု**– မည်သည်ကိုစစ်ဆေးအကဲဖြတ်ပြီးရရှိသည့်အချက်အလက်များကို မည်ကဲ့သို့အသုံးပြုမည်ကို ဆရာက ဆုံးဖြတ်သည်။

**တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု** – ကျောင်းသားများသည် မည်သည့်အချက်အလက်သင်ယူရမည်ကို နားလည်သဘောပေါက်လာပြီး မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်မှုကျွမ်းကျင်လာသည်။ နားလည်သဘောပေါက်မှုမှ စိတ်ဝင်စားမှုပိုကောင်းလာပြီး သင်ယူလိုစိတ်မြင့်မားလာသည်။

**သင်ကြားသင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်း** – ဆရာနှင့်ကျောင်းသားတို့၏ သင်ကြားသင်ယူမှုတိုးတက်မှုအခြေအနေကို သင်ကြားသင်ယူနေစဉ်တွင်ပင် သိရှိနိုင်သည်။ ထိုသို့သိရှိခြင်းကြောင့် အားနည်းချက်များကို သင်ကြားသင်ယူနေစဉ်တွင်ပင် ကုစားနိုင်သည်။

လေ့လာကြည့်ရှုခြင်း၊ မေးခွန်းများမေးခြင်းအပြင်၊ ကျောင်းသားများကို သင်ယူမှုဂျာနယ် သို့မဟုတ် ရှင်းလင်းတင်ပြချက်နှင့် ပြုလုပ်သောလက်ရာပစ္စည်းများကို တင်ပြစေခြင်းဖြင့် စစ်ဆေးအကဲဖြတ်ပြီး သင်ကြားသင်ယူမှုကို ထိန်းညှိနိုင်သည်။

DBE BOX Copyright Protected

## (စ) ၂၁ ရာစု ကျွမ်းကျင်မှုများ (21st Century Skills)နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)

**ပူးပေါင်းဆောင်ရွက်တတ်ခြင်း**(Collaboration)၊ **အုပ်စုဖြင့်ဆောင်ရွက်တတ်ခြင်း**(Group work)။

ကျောင်းသားများသည် အခက်အခဲပြဿနာများကို ပူးပေါင်းအဖြေရှာတတ်ခြင်း၊ အတွေးအခေါ်များမျှဝေတတ်ခြင်းနှင့် ခွဲဝေလုပ်ဆောင်တတ်ခြင်းများရရှိမည်။

**ဆက်သွယ်ပြောဆိုခြင်း** (Communication)

ကျောင်းသားများသည် နှုတ်၊ ကိုယ်အမူအရာဖြင့် လုပ်ဆောင်မှုများအောင်မြင်ရန် ပြောဆိုဆက်သွယ်တတ်မည်။

**လေးနက်စွာဆန်းစစ်ဝေဖန်ခြင်းနှင့်ပြဿနာဖြေရှင်းခြင်း** (Critical Thinking & Problem Solving)

ကျောင်းသားများသည် ပြဿနာများ၏ အဖြေများကိုရှာဖွေခြင်းနှင့် အမှားအမှန်ကိုခွဲခြမ်းသိရှိပြင်ဆင်တတ်မည်။

**တီထွင်ဖန်တီးခြင်း** (Creativity & Innovation)

ကျောင်းသားများသည် အတွေးအခေါ်အသစ်များ ရှာဖွေတွေ့ရှိခြင်း၊ သတ်မှတ်ထားသောဘောင်အတွင်းမှ လွတ်လပ်စွာ တွေးခေါ်မှုပြုနိုင်ခြင်းများရရှိမည်။

**နိုင်ငံသားကောင်းဖြစ်ခြင်း** (Citizenship)

လူမှုအဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်ခြင်း၊ တရားမျှတစိတ်ရှိခြင်း၊ ပဋိပက္ခဖြေရှင်းတတ်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်းစသည်တို့ကိုရရှိမည်။

## (ဆ)အလယ်တန်းနှင့်အထက်တန်းအဆင့်စာသင်ခန်းတွင်းလူမှုရေးရှုထောင့်များကိုခြုံငုံတင်ပြခြင်း

အမျိုးသားပညာရေးဥပဒေ (၂၀၁၄) တွင် ပညာရေးသင်ရိုးညွှန်းတမ်းများသည် မတူကွဲပြားခြားနားခြင်းကို နားလည်လက်ခံခြင်း၊ တန်းတူညီမျှမှုကိုအလေးထားခြင်း၊ ဒီမိုကရေစီအလေ့အကျင့်နှင့် လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများကို အလေးထားခြင်း၊ တိုင်းရင်းသားမျိုးနွယ်စုအသီးသီး၏ ကြွယ်ဝသောစာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့်သမိုင်းအမွေအနှစ်တို့ကို မြှင့်တင်နိုင်ခြင်းများဖြင့် စွမ်းဆောင်နိုင်သော နိုင်ငံသားကောင်းများကို မွေးထုတ်ပေးနိုင်သည့် သင်ရိုးညွှန်းတမ်းဖြစ်ရမည့်အပြင် နိုင်ငံတကာသင်ရိုးညွှန်းတမ်းများနှင့်လည်း လိုက်လျောညီထွေရှိရမည်ဟု ဖော်ပြထားသည်။

ထို့ကြောင့်အခြေခံပညာအဆင့် စာသင်ခန်းများသည် ကျား-မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်း၊ ဘာသာရေး ယုံကြည်ကိုးကွယ်မှု၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် မသန်စွမ်းမှုတို့ကို တစ်ဦးနှင့်တစ်ဦးမခွဲခြားဘဲ ကျောင်းသားတိုင်းအကျုံးဝင်ပညာရေးကို အကောင်အထည်ဖော်မည့် စာသင်ခန်းများဖြစ်ရမည်။

ဆရာသည် မိမိစာသင်ခန်းနှင့် ကျောင်းပတ်ဝန်းကျင်တို့တွင် သာတူညီမျှရှိမှုနှင့် အားလုံးအကျုံးဝင်ပညာရေးရရှိစေရန် မိမိကိုယ်တိုင်သာမက ကျောင်းရှိအခြားဆရာများနှင့်ပါ ပူးပေါင်းအဖြေရှာမျှဝေဆွေးနွေးရမည်။

DRE-BOX - Copyright Protected

## (ဈ) သင်ရိုးမာတိကာ (Syllabus) နှင့် စာသင်နှစ်တစ်နှစ်စာသင်ခန်းစာအစီအစဉ် (Year Plan)

ဒသမတန်း၊ အနုပညာ (ပန်းချီ) သင်ရိုးမာတိကာ၊ စာသင်နှစ်တစ်နှစ်စာအစီအစဉ်နှင့် သင်ခန်းစာခေါင်းစဉ်အလိုက် အချိန်ခွဲဝေမှုကို ဇယားများဖြင့် ဖော်ပြထားသည်။

### (၁) ဒသမတန်း (Grade-10) အနုပညာ(ပန်းချီ) သင်ရိုးမာတိကာ (Syllabus)

| နယ်ပယ် (Strand) | သင်ယူမှုရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှုရလဒ်များ (Learning Outcomes) | တတ်မြောက်မှုအညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| ပန်းချီ အနုပညာ | ပန်းချီသမိုင်းကိုသိရှိပြီး ပန်းချီဝါဒများနှင့် ပန်းချီကားများကို ကိုယ်တိုင်ခွဲခြားစိတ်ဖြာကြည့်ရှုတတ်ရန်။ | အင်ပရက်ရှင်နစ်ဇင်၊ ပို့စ်အင်ပရက်ရှင်နစ်ဇင်၊ နီယိုအင်ပရက်ရှင်နစ်ဇင်နှင့် အိတ်ပရက်ရှင်နစ်ဇင်ပန်းချီ အကြောင်းရှင်းလင်းနိုင်ပြီး ရေးဆွဲသူပန်းချီဆရာများ၏ အနုပညာဘဝနှင့် ရေးဟန်များကို လေ့လာနိုင်ပြီးအကဲဖြတ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာနိုင်ခြင်းများဖြစ်မည်။ | ရေးဆွဲထားသော ပန်းချီကားအမျိုးအစားများကို ပန်းချီရေးဟန်နှင့် စုတ်ချက်များအရ ခွဲခြားတတ်လာပြီး ကိုယ်တိုင်ဖန်တီးပြုလုပ်နိုင်သည်။ |
| | ပန်းပုနှင့် ပန်းချီကျော် ဩဂတ်စတိရိုဒင်အကြောင်းနှင့် လက်ရာများကို လေ့လာဆန်းစစ်အကဲဖြတ်တတ်ရန်။ | ရိုဒင်အကြောင်းကို ဆွေးနွေးနိုင်ပြီး ၎င်း၏ ပန်းပုရုပ်များအကြောင်း ထင်မြင်ချက်များကို ဆွေးနွေး ပြောပြနိုင်လာမည်။ | ရိုဒင်ပန်းပုရုပ်များနှင့် ပတ်သက်၍ အကဲဖြတ်ထင်မြင်ချက်မှ အခြားပန်းပုရုပ်များနှင့် ပတ်သက်ပြီး အကဲဖြတ်တတ်သည်။ |
| | သစ်ထွင်းပုံနှိပ်ပန်းချီကျော် ဟိုကူဆိုင်၏ဘဝနှင့် အနုပညာလက်ရာများကို အကဲဖြတ်တတ်လာပြီး သစ်ထွင်းပန်းချီလက်ရာတစ်ခုကို ကိုယ်တိုင်ဖန်တီးတတ်ရန်။ | ဟိုကူဆိုင်၏ ဘဝနှင့် အနုပညာလက်ရာများအကြောင်းကို ဆွေးနွေးနိုင်ပြီး ၎င်း၏ ပန်းချီကားများနှင့် ပတ်သက်၍ ထင်မြင်ချက်ပြောပြနိုင်လာမည်။ | |

DBF BOX - Copyright Protected

| | | | |
|---|---|---|---|
| | အိုရီဂါမီစက္ကူခေါက်နည်း စတင်ပေါ်ပေါက်လာပုံနှင့်ချိုးခေါက်နည်းများအကြောင်းသိရှိလုပ်ဆောင်တတ်ရန်။ | အိုရီဂါမီစက္ကူခေါက်ခြင်း အကြောင်း ပြောပြနိုင်ပြီး စက္ကူချိုးခေါက်ခြင်းဖြင့် မိမိနှစ်သက်ရာအသွင်တူအရုပ်တစ်ခုကို ချိုးခေါက်ပြနိုင်လာမည်။ | အိုရီဂါမီစက္ကူချိုးခေါက်နည်း စတင်ပေါ်ပေါက်လာပုံကို ပြောပြတတ်သည်။ ချိုးခေါက်နည်းများ အကြောင်းသိရှိလုပ်ဆောင်တတ်သည်။ |
| | မြန်မာရိုးရာပန်းချီအကြောင်းသိရှိလာပြီး ပန်းချီရေးနည်းနှင့် အမျိုးအစားများကို ခွဲခြမ်းလေ့လာတတ်ရန်။ | မြန်မာရိုးရာပန်းချီ အကြောင်းရှင်းပြတတ်ပြီး ဂုဏ်ပန်းချီကားများကို စုဆောင်းကာ ရေးနည်းနှင့် အမျိုးအစားများကို ခွဲခြားပြတတ်လာမည်။ | မြန်မာရိုးရာပန်းချီ အကြောင်းသိရှိခွဲခြားတတ်ပြီး ပန်းချီအမျိုးအစားများကို ခွဲခြမ်းစိတ်ဖြာတတ်သည်။ |
| | မြေထည်သမိုင်းကိုသိရှိပြီး ပြုလုပ်ပုံအဆင့်ဆင့်ကိုလုပ်ကိုင်တတ်သည့်အပြင် ပန်းချီနှင့် မြေထည်နာမည်ကျော်ပီကာဆို၏လက်ရာများကို လေ့လာဆန်းစစ်အကဲဖြတ်တတ်ရန်။ | မြေထည်အကြောင်းနှင့် မြေထည်ပြုလုပ်ပုံအဆင့်များကိုရှင်းလင်းပြောပြနိုင်ပြီး ပီကာဆို၏ မြေထည်များအကြောင်း ထင်မြင်ချက်ပေးဆွေးနွေးနိုင်လာမည်။ | မြေထည်သမိုင်းနှင့် မြေထည်ပြုလုပ်ပုံအဆင့်များကို ရှင်းလင်းပြောပြနိုင်သည်။<br>ပီကာဆို၏ လက်ရာမြေထည်များနှင့် ပတ်သက်၍ ထင်မြင်ချက်ပေးဆွေးနွေးနိုင်သည်။ |
| | ပါတိတ်ပန်းချီအကြောင်းနှင့် ပါတိတ်ပန်းချီရေးခြယ်ပုံအဆင့်ဆင့်ကို ရှင်းပြတတ်ပြီး ပါတိတ်ပန်းချီပုံတစ်ပုံရေးဆွဲ၍အမည်ပေးတတ်ရန်။ | ပါတိတ်ပန်းချီအကြောင်းနှင့် ပါတိတ်ပန်းချီရေးခြယ်ပုံအဆင့်ဆင့်ကို ရှင်းပြတတ်ပြီး ပါတိတ်ပန်းချီပုံတစ်ပုံရေးဆွဲ၍ အမည်ပေးတတ်လာမည်။ | ပါတိတ်ပန်းချီအကြောင်းနှင့် ပါတိတ်ပန်းချီရေးခြယ်ပုံ အဆင့်ဆင့်ကိုရှင်းပြတတ်ပြီး ပါတိတ်ပန်းချီပုံတစ်ပုံရေးဆွဲ၍ အမည်ပေးတတ်သည်။ |
| | အသေးစားလုပ်ငန်း စီမံချက် အဆင့်ဆင့်ပြုလုပ်ပုံကိုရှင်းပြတတ်ပြီး သင်ခန်းစာတစ်ခုကို အုပ်စုလိုက် စိတ်ကြိုက်ဖန်တီးပြတတ်ရန်။ | အသေးစားလုပ်ငန်း စီမံချက်အဆင့်ဆင့်ပြုလုပ်ပုံကို ရှင်းပြတတ်ပြီး သင်ခန်းစာတစ်ခုကို အုပ်စုလိုက်စိတ်ကြိုက်ဖန်တီးတတ်လာမည်။ | အသေးစားလုပ်ငန်းစီမံချက်အဆင့်ဆင့် ပြုလုပ်တတ်ပြီး သင်ခန်းစာတစ်ခုကို စိတ်ကြိုက်ဖန်တီးတတ်သည်။ |

DBEBOX - Copyright Protected

**(၂)စာသင်နှစ်တစ်နှစ်စာသင်ခန်းစာအစီအစဉ်**(Year Plan) **နှင့်သင်ခန်းစာအလိုက်အချိန်ခွဲဝေမှု**

| သီတင်းပတ် | သင်ချိန်ပေါင်း | အခန်း (နယ်ပယ်) | သင်ခန်းစာခေါင်းစဉ် (နယ်ပယ်ခွဲ) | အဓိကအကြောင်းအရာ/ ခေါင်းစဉ်ခွဲများ |
|---|---|---|---|---|
| ၁ | ၁ | ပန်းချီ အနုပညာ | ၁ အင်ပရက်ရှင်နစ်ဇင်း | (၁-၁) သဘောသဘာဝ<br>(၁-၂) ရေးဆွဲသူများနှင့် ပန်းချီကားများ<br>(၁-၂-၁) ကလို့ဒ်မိုနေး |
| ၂ | ၁ | | | (၁-၂-၂) အက်ဒ်ဂါဒေဂါး<br>(၁-၂-၃) အက်ဒွပ်မာနေး |
| ၃ | ၁ | | ၂ ပို့စ်အင်ပရက်ရှင်နစ်ဇင်း | (၂-၁) သဘောသဘာဝ<br>(၂-၂) ရေးဆွဲသူများနှင့် ပန်းချီကားများ<br>(၂-၂-၁) ပေါလ်ဆေဇန်း |
| ၄ | ၁ | | | (၂-၂-၂) ပေါလ်ဂိုဂန်<br>(၂-၂-၃) ဗင်းဆင့်ဗန်ဂိုး |
| ၅ | ၁ | | ၃ နီယိုအင်ပရက်ရှင်နစ်ဇင်း | (၃-၁) သဘောသဘာဝ<br>(၃-၂) ရေးဆွဲသူများနှင့် ပန်းချီကားများ<br>(၃-၂-၁) ဂျော့ချ် ဆူရတ် |
| ၆ | ၁ | | | (၃-၃) အခြားရေးဆွဲသူများ၏ ပန်းချီကားများ |
| ၇ | ၁ | | **ပြန်လည်လေ့ကျင့်ခြင်း** | |
| ၈ | ၁ | | **စာမေးပွဲကာလ** | |
| ၉ | ၁ | | ၄ အိတ်ပရက်ရှင်နစ်ဇင်း | (၄-၁) သဘောသဘာဝ<br>(၄-၂) ရေးဆွဲသူများနှင့် ပန်းချီကားများ<br>(၄-၂-၁) အက်ဒ်ဝပ်မွန့် |
| ၁၀ | ၁ | | | (၄-၂-၂) ပေါလမိုဒါဆွန်ဘက်ကာ<br>(၄-၃) အခြားရေးဆွဲသူများ၏ ပန်းချီကားများ |
| ၁၁ | ၁ | | ၅ ဩဂတ်စတိ ရိုဒင် | (၅-၁) ရိုဒင်၏ ဘဝနှင့် အနုပညာ |
| ၁၂ | ၁ | | | |

DBE BOX - Copyright Protected

| | | | | |
|---|---|---|---|---|
| ၁၃ | ၁ | ပန်းချီ အနုပညာ | ၆ ကက်ဆူရှိက ဟိုကူဆိုင် | (၆-၁) ဟိုကူဆိုင်၏ ဘဝနှင့် အနုပညာ<br>(၆-၂) ဟိုကူဆိုင်၏ လက်ရာများ |
| ၁၄ | ၁ | | | (၆-၃) သစ်ထွင်းပုံနှိပ်ပန်းချီပြုလုပ်ခြင်း |
| ၁၅ | ၁ | | ၇ အိုရီဂါမီ | (၇-၁) သဘောသဘာဝ<br>(၇-၂) ပေါ်ပေါက်လာပုံ |
| ၁၆ | ၁ | | | (၇-၃) စက္ကူကို လက်တွေ့ချိုးခေါက်ခြင်း |
| ၁၇ | ၁ | | ၈ မြန်မာရိုးရာ ပန်းချီ | (၈-၁) စတင်ချိန်<br>(၈-၂) အသုံးပြုသောပစ္စည်းများနှင့်ပန်းချီအမျိုး အစားများ |
| ၁၈ | ၁ | | | (၈-၃) မြန်မာရိုးရာပန်းချီရေးနည်းများ |
| ၁၉ | ၁ | | **ပြန်လည်လေ့ကျင့်ခြင်း** | |
| ၂၀ | ၁ | | **စာမေးပွဲကာလ** | |
| ၂၁ | ၁ | | ၉ မြေထည် | (၉-၁) မြန်မာမြေထည်ပစ္စည်းသမိုင်း<br>(၉-၂) ကမ္ဘာမြေထည်ပစ္စည်းသမိုင်း |
| ၂၂ | ၁ | | | (၉-၃) မြေထည်ပစ္စည်းပြုလုပ်ပုံ |
| ၂၃ | ၁ | | ၁၀ ပါတိတ်ပန်းချီ | (၁၀-၁) ပါတိတ်ပန်းချီသမိုင်း |
| ၂၄ | ၁ | | | (၁၀-၂) ပါတိတ်ပန်းချီပြုလုပ်ရေးခြယ်ခြင်း |
| ၂၅ | ၁ | | ၁၁ အသေးစား အနုပညာ လုပ်ငန်း စီမံချက် | (၁၁-၁) လုပ်ငန်းစီမံချက်အစီအစဉ် |
| ၂၆ | ၁ | | | လက်တွေ့ပြုလုပ်ချိန် |
| ၂၇ | ၁ | | | |
| ၂၈ | ၁ | | | |
| ၂၉ | ၁ | | | **ပြန်လည်သုံးသပ်ခြင်း** |
| ၃၀ | ၁ | | | **ပြန်လည်လေ့ကျင့်ခြင်း** |
| ၃၁ | ၁ | | | **စာမေးပွဲကာလ** |
| | **၅** | | | **အရန်စာသင်ချိန်** |
| | **၃၆** | | | **စာသင်ချိန်စုစုပေါင်း** |

DBE BOX - Copyright Protected

## ၂။ သင်ခန်းစာအစီအစဉ်များ (Lesson Plans)

သင်ခန်းစာအစီအစဉ်များတွင် သင်ယူမှုရလဒ်၊သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း၊ ဖွံ့ဖြိုးစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ၊ သင်ကြားသင်ယူမှုဖြစ်စဉ်(သင်ခန်းစာမိတ်ဆက်ခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း I-T-P-R)သင်ယူမှုနှင့်စဉ်းစားတွေးခေါ်ခြင်းကို အားဖြည့်ရန်နောက်ဆက်တွဲလုပ်ငန်းများ၊စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ၊အဓိကအချက်များနှင့် ဆရာအတွက် မှတ်စုများပါဝင်သည်။

သင်ခန်းစာခေါင်းစဉ်တိုင်းတွင် သင်ခန်းစာမိတ်ဆက်ခြင်း/ နိဒါန်းပျိုးခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဟူသောအဆင့် ၄ ဆင့် ပါရှိသည်။

| | | |
|---|---|---|
| | သင်ခန်းစာမိတ်ဆက်ခြင်း/ နိဒါန်းပျိုးခြင်း (Introduction) | ယခင်သင်ယူပြီး အသိပညာကို စစ်ဆေးခြင်း၊ ဥပမာ- " နီယိုအင်ပရက်ရှင်နစ်ဇင်း " (မသင်ကြားမီ)-အမြင်အာရုံဆိုသည်မှာအဘယ်နည်း။ (သင်ကြားပြီး)-နီယိုအင်ပရက်ရှင်နစ်ဇင်းအကြောင်း ဆွေးနွေးပါ။ |
| T | သင်ကြားခြင်း(Teach) | ဤအပိုင်းတွင်အများစုသည်ဆရာဗဟိုပြုဖြစ်သည်။ |
| P | လေ့ကျင့်ခြင်း(Practice) | ဤအပိုင်းတွင်အများစုသည်ကျောင်းသားဗဟိုပြု ဖြစ်သည်။ |
| R | ပြန်လည်သုံးသပ်ခြင်း (Review) | ဤအပိုင်းတွင် သင်ခန်းစာအကျဉ်းချုပ်နှင့်ပြန်လည်သုံးသပ်သည့် မေးခွန်းများပါဝင်သည်။ |

DBE BOX - Copyright Protected

သင်ကြားခြင်းနှင့်လေ့ကျင့်ခြင်း (T-P) အဆင့်များသည် သင်ခန်းစာတစ်ခုတွင် ထပ်ကာထပ်ကာဖြစ်နိုင်သည်။ ဥပမာ-

I နိဒါန်းပျိုးခြင်း ⇨ T သင်ကြားခြင်း ⇨ P လေ့ကျင့်ခြင်း ⇨ T သင်ကြားခြင်း ⇨ P လေ့ကျင့်ခြင်း ⇨ R ပြန်လည်သုံးသပ်ခြင်း

## ၃။ ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက် (Glossary of Words)

ကျောင်းသားများက သင်ခန်းစာပါသောသဘောတရားများကို ပိုမိုနားလည်စေရန်အတွက် လိုအပ်ပါက ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်တွင် ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက်များကို ထည့်သွင်းဖော်ပြထားသည်။ ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက်များတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြသောအဓိပ္ပာယ်သတ်မှတ်ချက်များနှင့် ပညာရပ်ဆိုင်ရာ အဓိကဝေါဟာရများပါဝင်သည်။

# ပန်းချီအနုပညာ

စုစုပေါင်းစာသင်ချိန် ၂၇ ချိန်၊ တစ်ချိန် ၄၅ မိနစ်

## သင်ယူမှုရလဒ်များ

အင်ပရက်ရှင်နစ်ဇင်၊ ပို့စ်အင်ပရက်ရှင်နစ်ဇင်၊ နီယိုအင်ပရက်ရှင်နစ်ဇင်းနှင့် အိတ်ပရက်ရှင်နစ်ဇင်းပန်းချီအကြောင်းရှင်းပြနိုင်ပြီး ရေးဆွဲသူပန်းချီဆရာများ၏အနုပညာဘာဝနှင့်ရေးဟန်များကို လေ့လာ၍ အကဲဖြတ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာနိုင်ခြင်းများပြုလုပ်နိုင်မည်။

ပန်းပုနှင့် ပန်းချီကျော်ရိုဒင်၊ သစ်ထွင်းပုံနှိပ်ပန်းချီကျော်ဟိုကူဆိုင်တို့၏အနုပညာဘာဝနှင့် လက်ရာများကို အကဲဖြတ်လေ့လာဆွေးနွေးနိုင်မည်။ အိုရီဂါမီစက္ကူချိုးခေါက်နည်းသမိုင်းနှင့် ချိုးခေါက်ပုံများကို ပြုလုပ်နိုင်မည်။ မြန်မာရိုးရာပန်းချီအမျိုးအစားများနှင့် ရေးနည်းများကို ခွဲခြမ်းလေ့လာတတ်လာမည်။ မြေထည်သမိုင်းနှင့် ပြုလုပ်နည်းများကို သိရှိပြီး ပြုလုပ်တတ်လာမည်။ ထို့ပြင် တစ်နှစ်တာသင်ခန်းစာများထဲမှ အသေးစားအနုပညာလုပ်ငန်းတစ်ခုစုပေါင်းပြုလုပ်တတ်လာမည်။

## သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း

သင်ကြားရာတွင် အသုံးပြုရမည့်ပစ္စည်းများကို ကြိုတင်ပြင်ဆင်နိုင်ရန် သင်ခန်းစာတိုင်းတွင် သင်ထောက်ကူပစ္စည်းစာရင်းကို ထည့်သွင်းပေးထားသည်။

ထို့ပြင် သင်ခန်းစာသင်ကြားရာတွင် အထောက်အကူဖြစ်စေမည့်သင်ထောက်ကူကားချပ်များ၊ အသုံးပြုရန်လိုအပ်သောပစ္စည်းများကို ကြိုတင်စုဆောင်းပြုလုပ်ထားရှိရမည်။ ကျောင်းသားများထံမှ ရရှိသောပန်းချီကားများနှင့် လက်ရာများကို ထိန်းသိမ်းရန် ထည့်စရာဗီရို သို့မဟုတ် ပုံးနှင့် ကျောင်းသားများရရှိသည့်အဆင့်မှတ်တမ်းများသိမ်းဆည်းရန် သင်ခန်းစာတစ်ခုလျှင် ဖိုင်တစ်ခုထားရှိရမည်။

အထူးမှာ ဆရာလမ်းညွှန်အား ကျေညက်စွာ သိရှိနားလည်သင်ကြားနိုင်ရန် ပြင်ဆင်ထားရမည်ဖြစ်သည်။ ဆရာသည် မိမိထပ်မံရရှိသောအတွေ့အကြုံများကို မှတ်တမ်းတင်ထားနိုင်ရန် သင်ကြားမှုအတွေ့အကြုံမှတ်တမ်းစာအုပ်ကိုလည်း ကြိုတင်ပြင်ဆင်ထားရမည်။ အလွတ်ကျက်မှတ်ရန်ထက် သင်ခန်းစာမှပေးသော ကျွမ်းကျင်မှု၊ ခံယူချက်သဘောထားနှင့် တန်ဖိုးထားမှုကို ဦးစားပေးသင်ကြားနိုင်ရန် မိမိသင်ကြားမှုကိုပြင်ဆင်ရမည်။

## ရစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု

ဤသင်ခန်းစာများသင်ကြားရခြင်းကြောင့် အနုပညာလက်ရာများကို တန်ဖိုးထား အကဲဖြတ်တတ်လာပြီးဖန်တီးလိုစိတ်ဖြစ်လာ၍ စိတ်ကူးတီထွင်တတ်သောအလေ့အကျင့်ကောင်းများရရှိမည်။ ပူးပေါင်းဆောင်ရွက်ရသောလုပ်ငန်းများစွာပါရှိသဖြင့် အခွင့်အရေးတူညီခြင်း၊ ညီမျှခြင်းနှင့်မျှတစွာဆောင်ရွက်တတ်သောစိတ်သဘောထားများရရှိမည်။ လုပ်ငန်းတစ်ခုကို ပြီးဆုံးအောင်လုပ်ဆောင်နိုင်သောအကျင့်နှင့် ကောင်းမွန်သောအနုပညာစိတ်ထားများရရှိမည်။ မိမိကိုယ်ပိုင်အရည်အသွေးများအပြင် အခြားသူများကိုပါ လက်တွဲညှိနှိုင်းခေါ်ဆောင်နိုင်သောအရည်အသွေးများရရှိမည်ဖြစ်သည်။

DRL BOX - Copyright Protected

## ၁ အင်ပရက်ရှင်နစ်ဇင်း (Impressionism) စာသင်ချိန် ၂ ချိန်၊ တစ်ချိန် ၄၅ မိနစ်

### သင်ခန်းစာရည်ရွယ်ချက်များ

- အင်ပရက်ရှင်နစ်ဇင်းပန်းချီအကြောင်း ရှင်းလင်းပြတတ်ရန်
- အင်ပရက်ရှင်နစ်ဇင်းပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို ဆွေးနွေးတတ်ရန်

### သင်ခန်းစာမိတ်ဆက်ခြင်း ၅ မိနစ်

တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် ကျား၊ မ မျှ၍ အုပ်စုများဖွဲ့ပြီး မျက်နှာချင်းဆိုင်ထိုင်စေမည်။

အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် အင်ပရက်ရှင်နစ်ဇင်းပန်းချီနည်းစနစ်အကြောင်း လေ့လာကြရမည်ဖြစ်သည်။ ၎င်းပန်းချီကို တဒင်္ဂအာရုံမြင် အလင်းပန်းချီ၊ စိတ်ထင်မြင်ချက်ပန်းချီ၊ အတုသဘာဝပန်းချီဟု ခေါ်ကြသည်။ အဓိပ္ပာယ်မှာ စိတ်တွင် ကျန်ရစ်ခဲ့သောလွှမ်းမိုးမှုဖြစ်ကြောင်းပြောပြပါ။

တဒင်္ဂအာရုံမြင်အလင်းပန်းချီကို မည်သို့နားလည်သနည်းဟု မေးပါ။

အုပ်စုတွင်း ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်က ဖြေကြားမည်။

အုပ်စုကိုယ်စားလှယ်ကျောင်းသားများ၏အဖြေကို ဆရာက မှတ်တမ်းတင်ပါ။

**စာသင်ချိန်(၁)**

### သင်ကြားခြင်း ၁၅ မိနစ်

**(၁-၁) သဘောသဘာဝ**

ဒြပ်ထုနှင့် ဖွဲ့စည်းပုံအားကောင်းမွန်သည်။ အလင်းရောင်ဖြစ်သော အဖြူရောင်မပါဘဲ မူလအရောင်များဖြစ်သည့် အဝါ၊ အနီနှင့် အပြာတို့ကို ပိုမိုအားကောင်းသောအရောင်ကွဲများဖြစ်စေရန် ရောစပ်ပြီး အလင်းအမှောင်နေရာတွင် အစားထိုးရေးခြယ်ကာ စိတ်ခံစားမှုကို လွတ်လပ်စွာ ဖော်ထုတ်ရေးဆွဲသည်ဆိုသော အင်ပရက်ရှင်နစ်ဇင်းပန်းချီ၏သဘောသဘာဝကို အုပ်စုတွင်း ဆွေးနွေးစေပြီး ၎င်းဆိုလိုချက်အပေါ် ထင်မြင်ချက်ရေးရန် ပြောပြပါ။

**(၁-၂) ရေးဆွဲသူများနှင့် ပန်းချီကားများ**

၁၈၆၆ ခုနှစ်တွင် သရုပ်မှန်ပန်းချီရေးနည်းစနစ်များကို စွန့်လွှတ်ပြီး ကလို့ဒ်မိုနေး၊ ယူဂျင်းဘူဒန်၊ ဘာ့သ်တိုမိုရီဇို၊ ဖရက်ဒရစ်ဘာဇီး၊ အဲလ်ဖရက်စစ္စလီ၊ အက်ဒ်ဂါဒေဂါး၊ ဂူစတက်ကိတ်ဘို့၊ အက်ဒွပ်မာနေး၊ မေရီကက်ဆက်၊ ပီယာအဂုစ်ထ်ရေနွား၊ ကမီးပီဆာရို၊ ဝေါလ်တာရစ်ချတ်ဆစ်ကတ်၊ ဝီလ်ယမ်မယ်ရစ်ချီစသည့် ပန်းချီဆရာများက ၎င်းစနစ်ကို စတင်ရေးဆွဲခဲ့ကြကြောင်းပြောပြပါ။ (၎င်းပန်းချီဆရာအမည်များကို ကျက်မှတ်ရန်မလိုဘဲ သိရှိရန်သာဖြစ်ကြောင်းပြောပြပါ။)

ပြီးနောက် ၎င်းအင်ပရက်ရှင်နစ်ဇင်းပန်းချီဆရာများအနက် ကလို့ဒ်မိုနေး၊ အက်ဒ်ဂါဒေဂါးနှင့် အက်ဒွပ်မာနေးတို့၏ အနုပညာဘဝနှင့် ရေးဟန်များကို လေ့လာကြမည်ဖြစ်ကြောင်း ပြောပြပါ။

DBE BOX - Copyright Protected

### (၁–၂–၁) ကလိုဒ်မိုနေး Claude Monet (1840-1926)

မိုနေးသည် စီးပွားရေးပန်းချီနှင့် ကယ်ရီကေးချားပန်းချီတို့ကိုရေးဆွဲခဲ့ဖူးသည်။ ပြင်သစ်နိုင်ငံတွင်ရှိသော နော်မန်ဒီကမ်းခြေ၌ ရေစိုနေသည့် မြက်ခင်းပေါ်သို့ နေရောင်ကျနေသောမြင်ကွင်းကို ရေးဆွဲခဲ့သည်။ ထိုမြင်ကွင်းကို အမြင်အာရုံတွင်ခံစားရသည့်အတိုင်း လျင်မြန်စွာရေးဆွဲရသည့် အင်ပရက်ရှင်နစ်ဇင်းနည်းကို မိုနေးသည် စတင်အသုံးပြုရေးဆွဲခဲ့ကြောင်း ပြောပြပါ။

မိုနေးသည် လန်ဒန်မြို့သို့ရောက်သောအခါ အင်္ဂလိပ်ပန်းချီဆရာ ဂျွန်ကွန်စတေဘယ်နှင့် ဝီလီယမ်တန်နာတို့ရေးဆွဲသော ရှုခင်းပန်းချီကားများကိုလေ့လာ၍ သူ၏ ပန်းချီကားများကို ဖန်တီးရေးဆွဲခဲ့ပြီး ၁၈၇၄ ခုနှစ်တွင် ပန်းချီပြပွဲကို ပြသခဲ့ကြောင်း ပြောပြပါ။

မိုနေးသည် ပန်းချီကားတွင် အသေးအနုအရင့်ခွဲခြားမရေးခြယ်ဘဲ ကောက်ကြောင်းမျဉ်းနှင့် မျက်နှာပြင်နိမ့်မြင့်ပြမျဉ်းတို့ကို ရောနှောရေးဆွဲပြီး မတူညီသောအရောင်များကို တစ်ရောင်နှင့်တစ်ရောင် ထိကပ်စွာ ရေးခြယ်ခဲ့ကြောင်း ပြောပြပါ။

မိုနေးက သူ၏ဝါဒမှာ အလင်းရောင်သည် အရောင်ဖြစ်သည်ဟု ပြောခဲ့ကြောင်းပြောပြပါ။

**လေ့ကျင့်ခြင်း** ၂၅ မိနစ်

ကျောင်းသားတစ်ဦးလျှင် A4 တစ်ရွက်ဝေပေးပါ။ မိုနေးရေးဆွဲခဲ့သောပန်းချီကားများအနက် ပုံ(၄)၊ပုံ(၅)၊ပုံ(၆)နှင့်ပုံ(၇)တို့တွင် ပါရှိသည့်ပန်းချီကားများကို အုပ်စုတစ်စုချင်းလေ့လာနိုင်ရန် မိုနေးနှင့် သူ၏ပန်းချီကားများပါဝင်သော သင်ထောက်ကူကားချပ်ကို နံရံ၌ ချိတ်ဆွဲပြသပါ။

ထိုသို့လေ့လာရာတွင် အသုံးပြုထားသောအရောင်များ၊ ပန်းချီကားဖွဲ့စည်းပုံနှင့် စုတ်ချက်များကို လေ့လာရန် ဆရာက ပြောပြပါ။ ကျောင်းသားများက တစ်ဦးချင်းစီလေ့လာပြီး ရရှိသောမှတ်ချက်များကို အုပ်စုတွင်း ပြန်လည်ဆွေးနွေးရန် ပြောပြပါ။

တစ်အုပ်စုလျှင် A4 တစ်ရွက်စီဝေပေးပါ။

A4 စာရွက်တွင် အုပ်စုအမည်၊ အုပ်စုတွင်ပါဝင်သောသူများ၏ အမည်များကိုရေးစေပြီး နောက်ဘက်စာမျက်နှာတွင်အင်ပရက်ရှင်နစ်ဇင်းအကြောင်း မှတ်သားမိသမျှကိုဖော်ပြ၍ အောက်ဘက်တွင် မိုနေး၏ ပန်းချီကားများအပေါ် အုပ်စုတစ်စုစီက မှတ်ချက်ရေးရန် ပြောပြပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ အင်ပရက်ရှင်နစ်ဇင်းအကြောင်း ရှင်းလင်းရေးသားပါ။

၂။ မိုနေး၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို ဆွေးနွေးပါ။

အုပ်စုလိုက် ရှင်းပြချက်နှင့်မှတ်ချက်များကို အောက်ပါအတိုင်းစစ်ဆေးပြီး အဆင့်သတ်မှတ်ပေးမည်။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A-အင်ပရက်ရှင်နစ်ဇင်းအကြောင်း ပြည့်စုံစွာ ရှင်းပြတတ်ခြင်း။

B-အင်ပရက်ရှင်နစ်ဇင်းအကြောင်း ရှင်းပြတတ်ခြင်း။

DBE Box - Copyright Protected

C-အင်ပရက်ရှင်နစ်ဇင်းအကြောင်း မရှင်းပြတတ်ခြင်း။

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A-မိုနေး၏ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို ကျိုးကြောင်းခိုင်လုံစွာတင်ပြနိုင်ခြင်း။

B-မိုနေး၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို တင်ပြနိုင်ခြင်း။

C-မိုနေး၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို မတင်ပြနိုင်ခြင်း။

(စစ်ဆေးပြီးသောအဖြေစာရွက်များကို သင်ခန်းစာ(၁) ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

| | |
|---|---|
| သင်ထောက်ကူပစ္စည်း။ | အင်ပရက်ရှင်နစ်ဇင်း သင်ခန်းစာသင်ထောက်ကူကားချပ်၊ A4 စာရွက်များ။ |

**စာသင်ချိန်(၂)**

**သင်ကြားခြင်း** ၁၅ မိနစ်

**(၁-၂-၂) အက်ဒ်ဂါဒေဂါး** Edgar Degas (1834- 1917)

ဒေဂါးသည် ချမ်းသာသောအသိုင်းအဝိုင်းမှ ဆင်းသက်လာပြီး ပထမဦးစွာ ပြင်သစ်ပန်းချီဆရာ ဂျင်းသြဂတ်စတီ ဒိုးမနစ် အင်းဂရက်စ်ထံတွင် ပန်းချီသင်သည်။ ၁၈၆၀ ပြည့်နှစ်တွင် အက်ဒွပ်မာနေးနှင့်တွေ့သောအခါ အင်းဂရက်စ်၏ပန်းချီပုံများသည် အလှအပကို ဦးစားပေးသောပုံများဟု ယူဆကာ ပန်းချီရေးဟန်ကို ပြောင်းလဲခဲ့ကြောင်း ပြောပြပါ။

ပြီးလျှင် ရေနွား၊ မိုနေး၊ စစ္စလီ၊ ပီဆာရို၊ ဆေဇန်းတို့နှင့် တွဲပြီး ပင်ကိုဟန်ကို ဖန်တီးသည်။ ၁၈၇၂ ခုနှစ်မှ ၁၈၇၃ ခုနှစ်အတွင်း နယူးအော်လရန်းစ်မြို့တွင်သာ ပန်းချီရေးဆွဲခဲ့သည်။ ၁၈၇၈ ခုနှစ်တွင် ဘဲလေးအကပုံများကို စတင်ရေးဆွဲခဲ့ကြောင်း ပြောပြပါ။

သူ၏ တစ်သက်တာတွင် ရုပ်တုများစွာထုလုပ်ခဲ့ပြီး ပက်စတယ်ဆီဆေးဖြင့် အများဆုံးရေးဆွဲခဲ့၍ သူ၏ မျက်စိအားနည်းချိန်တွင် စုတ်ချက်ကြီးကြီးဖြင့် ပန်းချီရေးဆွဲခဲ့ကြောင်း ပြောပြပါ။

**(၁-၂-၃) အက်ဒွပ်မာနေး** Edouard Manet (1832-1883)

ချမ်းသာသောမိဘများမှ ပြင်သစ်ပြည် ပါရီမြို့တွင် မွေးဖွားခဲ့သည်။ ၁၈၅၀ပြည့်နှစ်မှ ၁၈၅၆ ခုနှစ်အတွင်း ပန်းချီဆရာ သောမတ်ခိုထူရာထံတွင် ပန်းချီသင်ယူခဲ့သည်။ ထိုအတောအတွင်း လုဗ်ရ်ပြတိုက်ရှိ ရှေးပန်းချီကားများကို ကူးယူလေ့ကျင့်ခဲ့ကြောင်းပြောပြပါ။

၎င်းသည် ခေတ်သစ်လူနေမှုဘဝကို ပွင့်လင်းရဲတင်းစွာ ဖော်ထုတ်ရေးဆွဲခဲ့သည်။ အရောင်များကို အကွက်လိုက်ဖြည့်သွင်းရေးဆွဲသည်။ ထုထည်ရေးဆွဲရာတွင် အသွေးအနုအရင့် ၂ ဆင့်သာခွဲခြားရေးဆွဲကြောင်းပြောပြပါ။

သူသည် သရုပ်မှန်ပန်းချီစည်းမျဉ်းများမှဖောက်ထွက်၍ လွတ်လပ်စွာရေးဆွဲခဲ့သူဖြစ်သောကြောင့် ရေနွားက "မာနေးဟာ ခေတ်သစ်ပန်းချီတစ်ခုလုံးကို လွှမ်းခြုံနိုင်တဲ့ ပန်းချီဆရာပါပဲ"ဟု ဆိုခဲ့ကြောင်း ရှင်းပြပါ။

DBE BOX Copyright Protected

**လေ့ကျင့်ခြင်း** **၂၅ မိနစ်**

ကျောင်းသားတစ်ဦးလျှင် A4 တစ်ရွက်ဝေပေးပါ။

ဒေဂါးရေးဆွဲခဲ့သော ပုံ(၈)၊ ပုံ(၉)၊ ပုံ(၁၀)နှင့် ပုံ(၁၁)၊ မာနေးရေးဆွဲခဲ့သော ပုံ(၁၂)၊ ပုံ(၁၃)၊ ပုံ(၁၄)နှင့်ပုံ(၁၅)တို့မှ ပန်းချီကားများကိုလေ့လာနိုင်ရန် အင်ပရက်ရှင်နစ်ဇင်းသင်ခန်းစာသင်ထောက်ကူကားချပ်ကို နံရံတွင် ချိတ်ဆွဲပြသပါ။

ထိုသို့လေ့လာရာတွင် အသုံးပြုထားသောအရောင်များ၊ ပန်းချီကားဖွဲ့စည်းပုံနှင့် စုတ်ချက်များကို လေ့လာရန် ဆရာက ပြောပြပါ။

ကျောင်းသားများက တစ်ဦးချင်းစီလေ့လာပြီး ရရှိသောမှတ်ချက်များကို အုပ်စုတွင်းပြန်လည်ဆွေးနွေးရန် ပြောပြပါ။ တစ်အုပ်စုလျှင် A4 တစ်ရွက်ဝေပေးပါ။

အုပ်စုအမည်၊ အုပ်စုတွင်ပါဝင်သောသူများ၏ အမည်များကိုရေးစေပြီး နောက်တက်စာမျက်နှာတွင် ဒေဂါးနှင့်မာနေးပန်းချီကားတို့အပေါ် မှတ်ချက်ပေးထားသည်များကို အုပ်စုတစ်စုစီက ရေးရန်ပြောပြပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** **၅ မိနစ်**

၁။ ဒေဂါး၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို ဆွေးနွေးပါ။
၂။ မာနေး၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို ဆွေးနွေးပါ။

အုပ်စုလိုက် ရှင်းပြချက်နှင့် မှတ်ချက်များကို အောက်ပါအတိုင်းစစ်ဆေးပြီး အဆင့်သတ်မှတ်ပေးမည်။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A-ဒေဂါး၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို ကျိုးကြောင်းပြဆွေးနွေးတတ်ခြင်း။

B-ဒေဂါး၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို ဆွေးနွေးတတ်ခြင်း။

C-ဒေဂါး၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို မဆွေးနွေးတတ်ခြင်း။

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A-မာနေး၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို ကျိုးကြောင်းပြဆွေးနွေးတတ်ခြင်း။

B-မာနေး၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို ဆွေးနွေးတတ်ခြင်း။

C-မာနေး၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို မဆွေးနွေးတတ်ခြင်း။

(စစ်ဆေးပြီးသောစာရွက်များကို သင်ခန်းစာ(၁) ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

သင်ထောက်ကူပစ္စည်း။ ဒေဂါးနှင့် မာနေးတို့၏ပန်းချီကားများပါ အင်ပရက်ရှင်နစ်ဇင်းသင်ထောက်ကူကားချပ်၊ A4 စာရွက်များ။

**အနှစ်ချုပ်အဓိကအချက်**

- ဒြပ်ထုနှင့် ဖွဲ့စည်းပုံအားကောင်းမွန်စွာ မူလအရောင်များကို ပိုမိုအားကောင်းသော အရောင်ကွဲများဖြစ်စေရန် ရောစပ်ပြီး စိတ်ခံစားမှုကို လွတ်လပ်စွာ ဖော်ထုတ်ရေးဆွဲခြင်းဖြစ်သည်။

DPE BOX - Copyright Protected

## ၂ ပို့စ်အင်ပရက်ရှင်နစ်ဇင်း (Post-impressionism)

**သင်ခန်းစာရည်ရွယ်ချက်များ**

စာသင်ချိန် ၂ ချိန်၊ တစ်ချိန် ၄၅ မိနစ်

- ပို့စ်အင်ပရက်ရှင်နစ်ဇင်းပန်းချီအကြောင်း ရေးသားတတ်ရန်
- ပို့စ်အင်ပရက်ရှင်နစ်ဇင်းပန်းချီကားများနှင့် ပတ်သက်၍ ထင်မြင်ချက်ပေးအကဲဖြတ်တတ်ရန်

**သင်ခန်းစာမိတ်ဆက်ခြင်း** ၅ မိနစ်

တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် ကျား၊ မ မျှ၍ အုပ်စုများဖွဲ့ပြီး မျက်နှာချင်းဆိုင်ထိုင်စေမည်။

အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် ပို့စ်အင်ပရက်ရှင်နစ်ဇင်းပန်းချီနည်းစနစ်အကြောင်း လေ့လာကြရမည်ဖြစ်သည်။ ၎င်းပန်းချီနည်းစနစ်သည် အင်ပရက်ရှင်နစ်ဇင်းကို အခြေခံပြု၍ ဖြစ်ပေါ်လာသော မူကွဲပန်းချီရေးဆွဲခြင်းဖြစ်သည်။ အာရုံမြင်လွှမ်းဝါဒဟုလည်း ခေါ်ကြကြောင်း ပြောပြပါ။

အာရုံမြင်လွှမ်းဝါဒဆိုသောစကားလုံးကို သင်မည်သို့ထင်မြင်သနည်းဟု မေးပါ။

အုပ်စုတွင်း ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်က ဖြေကြားမည်။

အုပ်စုကိုယ်စားလှယ်ကျောင်းသားများ၏အဖြေကို ဆရာက မှတ်တမ်းတင်ပါ။

**စာသင်ချိန်(၁)**

**သင်ကြားခြင်း** ၁၅ မိနစ်

### (၂-၁) သဘောသဘာဝ

ရှုခင်းများရေးဆွဲရာတွင် အရောင်များအသုံးပြုရာ၌ ရဲတင်းပွင့်လင်းစွာ အင်ပရက်ရှင်နစ်ဇင်းနည်းအတိုင်း ရေးဆွဲသည်။ သို့ရာတွင် တစ်ခဏချင်းအမြင်ကိုသော်လည်းကောင်း၊ ပြောင်းလဲသွားသောပုံများနှင့်လှုပ်ရှားနေသောပုံများကိုသော်လည်းကောင်း ထည့်သွင်းရေးဆွဲခြင်းမပြုဆိုသော သဘောသဘာဝကို အုပ်စုတွင်းဆွေးနွေးစေပြီး အုပ်စုတွင်းမှတ်ချက်ရေးရန် ပြောပြပါ။

### (၂-၂) ရေးဆွဲသူများနှင့် ပန်းချီကားများ

၁၈၈၀ ပြည့်နှစ်မှ ၁၉၀၅ ခုနှစ်အတွင်း ပြင်သစ်ပန်းချီကျော်များဖြစ်ကြသော ဂျော့ချ်ဆူရတ်၊ ဗင်းဆင့်ဗန်ဂိုး၊ တူလောက်လော့ထရက်၊ ပေါလ်ဆစ်ဂနေ့၊ ပေါလ်ဆေဇန်း၊ အမက်ဒီယိုမိုဒစ်လီရာနီနှင့် ဒတ်ချ်ပန်းချီဆရာ ပေါလ်ဂိုဂန်တို့သည် ပြင်သစ်ပြည်တွင် ပို့စ်အင်ပရက်ရှင်နစ်ဇင်းပန်းချီကားများကို ရေးဆွဲခဲ့ကြကြောင်းပြောပြပြီး ပန်းချီဆရာများ၏ အမည်များကိုသိရှိရန်သာဖြစ်၍ ကျက်မှတ်ရန် မလိုကြောင်းပြောပြပါ။

ယခုသင်ခန်းစာတွင် ပို့စ်အင်ပရက်ရှင်နစ် ပန်းချီဆရာများအနက် ဆေဇန်း၊ ဂိုဂန်နှင့် ဗန်ဂိုးတို့၏ အနုပညာဘဝနှင့် ရေးဟန်များကို လေ့လာကြရမည်ဖြစ်ကြောင်း ပြောပြပါ။

DRE BOX - Copyright Protected

## (၂-၂-၁) ပေါလ်ဆေဇန်း Pual Cezanne (1839- 1906)

ပြင်သစ်နိုင်ငံ အိတ်ဆမ်းစ်နယ်၌ မွေးဖွားခဲ့ပြီး နှစ်ပေါင်း ၁၀၀ အတွင်း အကျော်ကြားဆုံးပန်းချီဆရာဖြစ်ခဲ့သည်။ ဘဏ်ပိုင်ရှင်ဖခင်က ဥပဒေပညာကို လိုက်စားရန် တိုက်တွန်းခဲ့၍ ပါရီမြို့တွင် ပညာသင်ယူနေရာမှ ၁၈၆၃ခုနှစ်တွင် ပန်းချီပညာကို စတင်လိုက်စားခဲ့သည်။

၁၈၇၂ခုနှစ် ဖခင်ဆုံးပါးချိန်တွင် ပါရီမြို့မှထွက်ခဲ့ပြီး ပီဆာရိုနှင့် အတူ ပွန်တွိုက်မြို့၌ ပန်းချီဆွဲခဲ့သည်။ ၁၈၇၄ခုနှစ် ပန်းချီပြပွဲတွင် သူ၏ပန်းချီကားများကို ပရိသတ်က လက်မခံခဲ့သော်လည်း ၁၈၇၇ခုနှစ်တွင် သူ၏ ပန်းချီကား ၁၆ ကားကို ပြသသောအခါ ပန်းချီဝေဖန်ရေးသမားများ၏ အထူးဂုဏ်ပြုခြင်းခံခဲ့ရကြောင်း ပြောပြပါ။

ဆေဇန်းသည် ပုံကိုလျင်မြန်စွာဆွဲနိုင်သည်။ သဘာဝကိုပုံဖော်ရာတွင် ပန်းချီဆေးကို ပုံသွင်းကိရိယာအဖြစ်သာသဘောထားသည်။ စိတ်ခံစားမှုများကို အာရုံအမြင်ဆီသို့ ကူးပြောင်းပြီး တစ်ကားလုံးခြုံကာ အာရုံတွင် မြင်သောအခါမှ စတင်ရေးဆွဲသည်။ ဆေးရောင်များ အလွန်နေရာယူလာလျှင် ပုံသဏ္ဍာန်များကွယ်ပျောက်ကြသည်ဟု ဆေဇန်းက ယူဆသည်။ အခြေခံထုထည်ပုံများကို အခြေခံသောကြူဗစ်ဇင်းနည်း (Cubism)ကို အသုံးပြုသည်။ ဆေဇန်းက "ကျုပ်ရဲ့ ဆန္ဒကတော့ ကျုပ်ရေးတဲ့အာရုံမြင်ပန်းချီကို ခိုင်ခံ့ပြီး ကြာရှည်ခံအောင်ဆောက်ထားတဲ့ ပန်းချီပြတိုက်ကြီးလိုဖြစ်စေချင်တယ်" ဟူ၍ပြောခဲ့သည်။ ၁၈၉၀ ပြည့်နှစ်နှင့် ၁၈၉၅ခုနှစ်တွင် သူ၏တစ်ကိုယ်တော်ပြပွဲကို တစ်ကြိမ်စီကျင်းပခဲ့သည်။ ၁၉၀၀ပြည့်နှစ်ရောက်သောအခါ သူ၏ပန်းချီကားများကို ပြတိုက်တိုင်း၌ ပြသရန်အလိုရှိခဲ့ကြကြောင်းပြောပြပါ။

**လေ့ကျင့်ခြင်း**　　၂၅ မိနစ်

ပေါလ်ဆေဇန်းရေးဆွဲခဲ့သောပန်းချီကားများအနက် ပုံ(၄)၊ ပုံ(၅)နှင့် ပုံ(၆)တို့ ပါရှိသည့် ပို့စ်အင်ပရက်ရှင်နစ်ဇင်းသင်ခန်းစာသင်ထောက်ကူကားချပ်ကို ချိတ်ဆွဲပြ၍လေ့လာကြရန် ပြောပြပါ။

ထိုသို့လေ့လာရာတွင် အသုံးပြုထားသောအရောင်များ၊ ပန်းချီကားဖွဲ့စည်းပုံနှင့် စုတ်ချက်များကို လေ့လာရန် ဆရာက ပြောပြပါ။

ကျောင်းသားတစ်ဦးလျှင် A4 တစ်ရွက်ဝေပေးပါ။

ကျောင်းသားများက တစ်ဦးချင်းစီလေ့လာပြီး ရရှိသောမှတ်ချက်များကို အုပ်စုတွင်းပြန်လည်ဆွေးနွေးရန် ပြောပြပါ။

တစ်အုပ်စုလျှင် A4 တစ်ရွက်ဝေပေးပါ။

အုပ်စုအမည်၊ အုပ်စုတွင်ပါဝင်သောသူများ၏ အမည်များကို ရေးစေပြီး နောက်ဘက်စာမျက်နှာတွင် ပို့စ်အင်ပရက်ရှင်နစ်ဇင်းအကြောင်းမှတ်သားမိသမျှကို ဖော်ပြ၍ ပေါလ်ဆေဇန်းပန်းချီကားတို့အပေါ် မှတ်ချက်ပေးထားသည်များကို အုပ်စုတစ်စုစီက ရေးရန် ပြောပြပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**　　၅ မိနစ်

၁။ ပို့စ်အင်ပရက်ရှင်နစ်ဇင်းအကြောင်း ရှင်းလင်းရေးသားပါ။
၂။ ပေါလ်ဆေဇန်း၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို ဆွေးနွေးပါ။

DRE BOX - Copyright Protected

အုပ်စုလိုက် ရှင်းပြချက်နှင့် မှတ်ချက်များကို အောက်ပါအတိုင်းစစ်ဆေးပြီး အဆင့်သတ်မှတ်ပေးမည်။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A-ပို့စ်အင်ပရက်ရှင်နစ်ဇင်းအကြောင်း ပြည့်စုံစွာ ရှင်းပြတတ်ခြင်း။

B-ပို့စ်အင်ပရက်ရှင်နစ်ဇင်းအကြောင်း ရှင်းပြတတ်ခြင်း။

C-ပို့စ်အင်ပရက်ရှင်နစ်ဇင်းအကြောင်း မရှင်းပြတတ်ခြင်း။

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A-ဆေဖန်း၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို ကျိုးကြောင်းပြတင်ပြနိုင်ခြင်း။

B-ဆေဖန်း၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို တင်ပြနိုင်ခြင်း။

C-ဆေဖန်း၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို မတင်ပြနိုင်ခြင်း။

(စစ်ဆေးပြီးသောစာရွက်များကို သင်ခန်းစာ (၂) ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

သင်ထောက်ကူပစ္စည်း။ ပို့စ်အင်ပရက်ရှင်နစ်ဇင်းသင်ခန်းစာသင်ထောက်ကူကားချပ်၊
A4 စာရွက်များ။

**စာသင်ချိန်(၂)**

**သင်ကြားခြင်း** ၁၅ မိနစ်

## (၂-၂-၂) ပေါလ် ဂိုဂန် Paul Gauguin (1848-1903)

ကျောင်းသုံးစာအုပ်စာမျက်နှာ(၈)တွင် ဖော်ပြထားသောဆောင်းပါးရေးသောသူဖခင်နှင့် စပိန်မင်းမျိုးမိခင်တို့မှ ၁၈၄၈ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၌ မွေးဖွားခဲ့သည်မှ စတင်ပြီး ၁၉၅၉ ခုနှစ်တွင် လန်ဒန်မြို့၌ သူ၏ပန်းချီကားများကို ရောင်းရာ ဒေါ်လာ၃၆၉၀၀၀ ရခဲ့သည်အထိ ပေါလ်ဂိုဂန်၏ အကြောင်း ပြောပြပါ။

## (၂-၂-၃) ဗင်းဆင့် ဗန်ဂိုး Vincent van Gogh (1853-1890)

ကျောင်းသုံးစာအုပ် စာမျက်နှာ(၉)တွင် ဖော်ပြထားသော ဗန်ဂိုးကို ၁၈၅၃ ခုနှစ်တွင်နယ်သာလန်နိုင်ငံ ဂရို့ထ်ဇင်ဒါမြို့၌ မွေးဖွားခဲ့သည်မှ စတင်၍ နောက်ပိုင်းတွင် ဗန်ဂိုး၏ပန်းချီကားများသည် အကြိမ်ကြိမ်ပုံနှိပ်ပြီး ရောင်းချရသည်အထိ နာမည်ကြီးကြောင်း ပြောပြပါ။

**လေ့ကျင့်ခြင်း** ၂၅ မိနစ်

ကျောင်းသားတစ်ဦးလျှင် A4 တစ်ရွက်ဝေပေးပါ။

ကျောင်းသားများလေ့လာနိုင်ရန် ပို့စ်အင်ပရှင်နစ်ဇင်းသင်ခန်းစာ သင်ထောက်ကူကားချပ်ကို နံရံတွင် ချိတ်ဆွဲပြသပါ။

DBE BOX - Copyright Protected

ထိုသို့လေ့လာရာတွင် အသုံးပြုထားသောအရောင်များ၊ ပန်းချီကားဖွဲ့စည်းပုံနှင့်စုတ်ချက်များကိုလေ့လာရန် ဆရာက ပြောပြပါ။

ကျောင်းသားများက တစ်ဦးချင်းစီလေ့လာပြီး ရရှိသောမှတ်ချက်များကို အုပ်စုတွင်းပြန်လည်ဆွေးနွေးရန် ပြောပြပါ။

တစ်အုပ်စုလျှင် A4 တစ်ရွက်ဝေပေးပါ။

အုပ်စုအမည်၊ အုပ်စုတွင်ပါဝင်သောသူများ၏ အမည်များကို ရေးစေပြီး နောက်ဘက်စာမျက်နှာတွင် ဂိုဂန်နှင့်ဗန်ဂိုးပန်းချီကားတို့အပေါ် မှတ်ချက်ပေးထားသည်များကို အုပ်စုတစ်စုစီက ရေးရန် ပြောပြပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ ဂိုဂန်၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို ဆွေးနွေးပါ။
၂။ ဗန်ဂိုး၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို ဆွေးနွေးပါ။

အုပ်စုလိုက် ရှင်းပြချက်နှင့် မှတ်ချက်များကို အောက်ပါအတိုင်းစစ်ဆေးပြီး အဆင့်သတ်မှတ်ပေးမည်။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A-ဂိုဂန်၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို ကျိုးကြောင်းပြဆွေးနွေးတတ်ခြင်း။
B-ဂိုဂန်၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို ဆွေးနွေးတတ်ခြင်း။
C-ဂိုဂန်၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို မဆွေးနွေးတတ်ခြင်း။

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A-ဗန်ဂိုး၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို ကျိုးကြောင်းပြဆွေးနွေးတတ်ခြင်း။
B-ဗန်ဂိုး၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို ဆွေးနွေးတတ်ခြင်း။
C-ဗန်ဂိုး၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို မဆွေးနွေးတတ်ခြင်း။

(စစ်ဆေးပြီးသောစာရွက်များကို သင်ခန်းစာ(၂) ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

သင်ထောက်ကူပစ္စည်း။ ပို့စ်အင်ပရက်ရှင်နစ်ဇင်းသင်ခန်းစာသင်ထောက်ကူကားချပ်၊
A4 စာရွက်များ။

**အနှစ်ချုပ်အဓိကအချက်**

- ရှုခင်းများရေးဆွဲရာတွင် အရောင်များအသုံးပြုရာ၌ ရဲတင်းပွင့်လင်းစွာ အင်ပရက်ရှင်နစ်ဇင်းနည်းအတိုင်း ရေးဆွဲပြီး တစ်ခဏချင်းမြင်သောပုံနှင့် ပြောင်းလဲလှုပ်ရှားနေပုံများကို မရေးဆွဲပေ။

DBE BOX Copyright Protected

## ၃ နီယိုအင်ပရက်ရှင်နစ်ဇင်း (Nero-impressionism)

**သင်ခန်းစာရည်ရွယ်ချက်များ**

စာသင်ချိန် ၂ ချိန်၊ တစ်ချိန် ၄၅ မိနစ်

- နီယိုအင်ပရက်ရှင်နစ်ဇင်းပန်းချီအကြောင်း ဆွေးနွေးတတ်ရန်
- နီယိုအင်ပရက်ရှင်းနစ်များ၏ ပန်းချီကားများတွင် တွေ့ရှိချက်များကို ခွဲခြမ်းစိတ်ဖြာပြနိုင်ရန်

**သင်ခန်းစာမိတ်ဆက်ခြင်း**

၅ မိနစ်

တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် ကျား၊ မ မျှ၍ အုပ်စုများဖွဲ့ပြီး မျက်နှာချင်းဆိုင်ထိုင်စေမည်။

အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

နီယိုအင်ပရက်ရှင်နစ်ဇင်းပန်းချီနည်းစနစ်အကြောင်း လေ့လာကြရမည်ဖြစ်ကြောင်းပြောပြပါ။ ၎င်းကို ဒပေရှင်နစ်ဇင်း(Divisionism)နှင့် ပွိုင့်တယ်လစ်ဇင်း (Pointillism) ဟုလည်း ခေါ်ကြသည်။ ထိုခေတ် ပန်းချီဆရာများသည် အမြင်အာရုံဆိုင်ရာသိပ္ပံပညာ၏ အရောင်သဘောကို လေ့လာခဲ့ပြီးလျှင် ခရိုမိုလူမင်နာရစ်ဇင်း (Chromoluminarism) ရေးနည်းအသစ်အဖြစ်ဖန်တီးခဲ့ပြီး နောက်ပိုင်းတွင် နီယိုအင်ပရက်ရှင်နစ်ဇင်းအဖြစ် သတ်မှတ်ခဲ့ကြောင်း ပြောပြပါ။

အမြင်အာရုံဆိုသည်ကို မည်သို့နားလည်သနည်းဟု မေးပါ။

အုပ်စုတွင်း ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်က ဖြေကြားမည်။

အုပ်စုကိုယ်စားလှယ်ကျောင်းသားများ၏အဖြေကို ဆရာက မှတ်တမ်းတင်ပါ။

**စာသင်ချိန်(၁)**

**သင်ကြားခြင်း**

၁၅ မိနစ်

### (၃-၁) သဘောသဘာဝ

ဒပေရှင်နစ်ဇင်းသည် အရောင်အစက်များကို ကင်းဗတ်ပေါ်တွင် ခွဲခြားနေရာချပြီး ကြည့်သူ၏အမြင်အာရုံတွင် အရောင်များပေါင်းစပ်မြင်ရသည့် အရောင်သဘောကို အခြေခံထားခြင်းဖြစ်သည်။ ပွိုင့်တယ်လစ်ဇင်းမှာ ပိုမိုသေးငယ်သောအစက်များဖြင့် ရေးဆွဲခြင်းဖြစ်သည်ဟု ဆိုသော သဘောသဘာဝကို အုပ်စုတွင်းဆွေးနွေးစေပြီး စကားလုံးတစ်လုံးစီ၏ အဓိပ္ပာယ်နှင့် မည်သည်ကို ဆိုလိုကြောင်း မှတ်ချက်ရေးရန် ပြောပြပါ။

### (၃-၂) ရေးဆွဲသူများနှင့် ပန်းချီကားများ

ဤပန်းချီနည်းစနစ်ကို ပို့စ်အင်ပရက်ရှင်းနစ် (Post -impressionist)အဖြစ် နောက်ပိုင်းတွင် သတ်မှတ်ခြင်းခံရသောပန်းချီဆရာ ဆူရတ်၊ ပေါလ်ဆိုဂနက်၊ ဗင်းဆင့်ဗန်ဂိုးနှင့် တူလောက်လော့ထရက်တို့က စတင်ရေးဆွဲခဲ့ကြသည်။ ပေါလ်ဆစ်ဂနေ့ (Paul Signac)သည် ဆူရတ်အားကူညီပေးရင်း နီယိုအင်ပရက်ရှင်နစ်တစ်ဦးဖြစ်လာသည်။

ထိုကဲ့သို့ နီယိုအင်ပရက်ရှင်းနစ်များထဲတွင် ကျော်ချီဆူရတ်တစ်ဦးသာ နီယိုအင်ပရက်ရှင်းနစ်အဖြစ် ထင်ရှားခဲ့ကြောင်း ပြောပြပါ။

URE BOX - Copyright Protected

နီယိုအင်ပရက်ရှင်နစ်ဇင်းပန်းချီဆရာများအနက် ထင်ရှားသော ဆူရတ်၏အနုပညာဘဝနှင့် ပန်းချီကားရေးဟန်များကို လေ့လာကြရန် ပြောပြပါ။

**(၃-၂-၁) ဂျော့ချ် ဆူရတ်** Georges Seurat (1859-1891)

ဆူရတ်သည် ဆေးရောင်ကိုတစ်စက်ချင်းတို့ကာရေးသူဖြစ်သည်။ ပျော်စရာကားများ အများဆုံးရေးလေ့ရှိသည်။ အနီးကပ်မြင်ရသောအရောင်များ၊ ရောင်ပြန်ရောင်ဟပ်များရေးရာတွင် မူလအရောင်များအတိုင်း ရေးသည်။ အရိပ်နေရာများတွင် အရောင်ကို ပိန်းပိတ်နေအောင်မခြယ်ပေ။

ဆူရတ်ရေးဆွဲခဲ့သော ပန်းချီများအနက် ဆပ်ကပ်ပြပွဲပန်းချီကားသည် ညအမှောင်ကို ရေးဆွဲသော ပထမဦးဆုံး ပန်းချီကားဖြစ်သည်။ ပန်းချီကားရေးဆွဲရန် ၆နှစ်ခန့်အချိန်ယူလေ့လာခဲ့သည်။ အနုပညာဝေဖန်ရေးဆရာတစ်ဦးက ဆူရတ်၏ ပန်းချီကားများအနက် ဂျိုသြမေတြိပုံအဆန်ဆုံးနှင့် စိတ်အာရုံကို လျှို့ဝှက်နက်နဲသောခံစားမှုအပေးနိုင်ဆုံးပန်းချီကားဖြစ်သည်ဟု ဆိုခဲ့သည်။

ပွိုင့်တယ်လစ်ဇင်းရေးဟန်ဟု ဆိုနိုင်သည့်အရောင်အစက်များဖြင့် ရေးဆွဲထားသည်ကိုပုံ(၃)ရှိ အနီးကပ်ဖြတ်ပိုင်းပုံတွင် တွေ့နိုင်ကြောင်းပြောပြပါ။

ဆူရတ်က "သူတို့ဟာ ကျုပ်ရေးတဲ့ကားကို ကြည့်ပြီး ကဗျာဂီတဆန်လွန်းတယ်လို့ ပြောကြတယ်။ ဒီရေးနည်းရေးဟန်က ရေးရိုးရေးစဉ်ပါ။ပုံတိုင်း ဒီလိုရေးခဲ့တာ"ဟု ပြောခဲ့ကြောင်း ပြောပြပါ။

**လေ့ကျင့်ခြင်း** ၂၅ မိနစ်

ဆူရတ်ရေးဆွဲခဲ့သောပန်းချီကားများအနက် ပုံ(၂)၊ ပုံ(၃)၊ ပုံ(၄)၊ ပုံ(၅)၊ ပုံ(၆)၊ ပုံ(၇)နှင့် ပုံ(၈) တို့ပါရှိသည့်ပန်းချီကားများကို အုပ်စုတစ်စုချင်းလေ့လာနိုင်ရန် နီယိုအင်ပရက်ရှင်နစ်ဇင်းပန်းချီကားများပါ သင်ထောက်ကူကားချပ်ကို နံရံတွင် ချိတ်ဆွဲပြသပါ။

ထိုသို့လေ့လာရာတွင် အသုံးပြုထားသောအရောင်များ၊ ပန်းချီကားဖွဲ့စည်းပုံနှင့် စုတ်ချက်များကို လေ့လာရန် ဆရာက ပြောပြပါ။

ကျောင်းသားတစ်ဦးလျှင် A4 တစ်ရွက်ဝေပေးပါ။

ကျောင်းသားများက တစ်ဦးချင်းစီလေ့လာပြီး ရရှိသောမှတ်ချက်များကို အုပ်စုတွင်း ပြန်လည်ဆွေးနွေးရန် ပြောပြပါ။

တစ်အုပ်စုလျှင် A4 တစ်ရွက်ဝေပေးပါ။

အုပ်စုအမည်၊ အုပ်စုတွင်ပါဝင်သောသူများ၏ အမည်များကိုရေးစေပြီး နောက်ဘက်စာမျက်နှာတွင် နီယိုအင်ပရက်ရှင်နစ်ဇင်းအကြောင်း မှတ်သားမိသမျှကိုဖော်ပြ၍ ဆူရတ်၏ပန်းချီကားတို့အပေါ် မှတ်ချက်ပေးထားသည်များကို အုပ်စုတစ်စုစီက ရေးရန် ပြောပြပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ နီယိုအင်ပရက်ရှင်နစ်ဇင်းအကြောင်း ရှင်းလင်းရေးသားပါ။

၂။ ဆူရတ်၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို ဆွေးနွေးပါ။

DBE BOX - Copyright Protected

အုပ်စုလိုက် ရှင်းပြချက်နှင့်မှတ်ချက်များကို အောက်ပါအတိုင်းစစ်ဆေးပြီး အဆင့်သတ်မှတ်ပေးမည်။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A-နီယိုအင်ပရက်ရှင်နစ်ဇင်းအကြောင်း ပြည့်စုံစွာ ရှင်းပြတတ်ခြင်း။
B-နီယိုအင်ပရက်ရှင်နစ်ဇင်းအကြောင်း ရှင်းပြတတ်ခြင်း။
C-နီယိုအင်ပရက်ရှင်နစ်ဇင်းအကြောင်း မရှင်းပြတတ်ခြင်း။

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A-ဆူရတ်၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို ကျိုးကြောင်းပြတင်ပြနိုင်ခြင်း။
B-ဆူရတ်၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို တင်ပြနိုင်ခြင်း။
C-ဆူရတ်၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို မတင်ပြနိုင်ခြင်း။

(စစ်ဆေးပြီးသောစာရွက်များကို သင်ခန်းစာ(၃) ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

| | |
|---|---|
| သင်ထောက်ကူပစ္စည်း။ | နီယိုအင်ပရက်ရှင်နစ်ဇင်းသင်ခန်းစာသင်ထောက်ကူကားချပ်၊ A4 စာရွက်များ။ |

**စာသင်ချိန်(၂)**

**သင်ကြားခြင်း** ၁၅ မိနစ်

## (၃-၃) အခြားရေးဆွဲသူများ၏ ပန်းချီကားများ

ပေါလ်ဆစ်ဂနေ့နှင့် ဗန်ဂိုးတို့၏ ပွိုင့်တယ်လ်လစ်ဇင်းပန်းချီစနစ်ဖြင့် ရေးဆွဲထားသောပန်းချီကားများဖြစ်ကြောင်း ပုံ(၉)နှင့် ပုံ(၁၀)ကိုပြပြီး ပြောပြပါ။

**လေ့ကျင့်ခြင်း** ၂၅ မိနစ်

ကျောင်းသားတစ်ဦးလျှင် A4 တစ်ရွက်ဝေပေးပါ။

ပေါလ်ဆစ်ဂနေ့ရေးဆွဲခဲ့သောပုံ(၉)နှင့် ဗန်ဂိုး၏ကိုယ်တိုင်ရေးပုံတူ ပုံ(၁၀)တို့မှ ပန်းချီကားများကို အုပ်စုတစ်စုချင်းလေ့လာနိုင်ရန် နီယိုအင်ပရက်ရှင်နစ်ဇင်းသင်ခန်းစာ သင်ထောက်ကူကားချပ်ကို နံရံတွင် ချိတ်ဆွဲပြသပါ။

ထိုသို့လေ့လာရာတွင် အသုံးပြုထားသောအရောင်များ၊ ပန်းချီကားဖွဲ့စည်းပုံနှင့် စုတ်ချက်များကိုလေ့လာရန် ဆရာက ပြောပြပါ။

ကျောင်းသားများက တစ်ဦးချင်းစီလေ့လာပြီး ရရှိသောမှတ်ချက်များကို အုပ်စုတွင်းပြန်လည်ဆွေးနွေးရန် ပြောပြပါ။

DBE BOA - Copyright Protected

တစ်အုပ်စုလျှင် A4 တစ်ရွက်ဝေပေးပါ။

အုပ်စုအမည်၊ အုပ်စုတွင်ပါဝင်သောသူများ၏ အမည်များကိုရေးစေပြီး နောက်ဘက်စာမျက်နှာတွင် ပေါလ်ဆစ်ဂနေ့နှင့် ဗန်ဂိုးပန်းချီကားတို့အပေါ် မှတ်ချက်ပေးထားသည်များကို အုပ်စုတစ်စုစီက ရေးရန် ပြောပြပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ ပေါလ်ဆစ်ဂနေ့၏ ပန်းချီကားကိုလေ့လာပြီး တွေ့ရှိချက်များကို ပြောပြပါ။
၂။ ဗန်ဂိုး၏ ပန်းချီကားကိုလေ့လာပြီး တွေ့ရှိချက်များကို ဆွေးနွေးပါ။

အုပ်စုလိုက် ရှင်းပြချက်နှင့် မှတ်ချက်များကို အောက်ပါအတိုင်းစစ်ဆေးပြီး အဆင့်သတ်မှတ်ပေးမည်။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A-ပေါလ်ဆစ်ဂနေ့၏ပန်းချီကားကို လေ့လာပြီး တွေ့ရှိချက်များကို ကျိုးကြောင်းပြပြောပြခြင်း။
B-ပေါလ်ဆစ်ဂနေ့၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို ပြောပြတတ်ခြင်း။
C-ပေါလ်ဆစ်ဂနေ့၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို မပြောပြတတ်ခြင်း။

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A-ဗန်ဂိုး၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို ကျိုးကြောင်းပြဆွေးနွေးတတ်ခြင်း။
B-ဗန်ဂိုး၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို ဆွေးနွေးတတ်ခြင်း။
C-ဗန်ဂိုး၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို မဆွေးနွေးတတ်ခြင်း။

(စစ်ဆေးပြီးသောစာရွက်များကို သင်ခန်းစာ (၃) ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

DREEBOX - Copyright Protected

သင်ထောက်ကူပစ္စည်း။ နီယိုအင်ပရက်ရှင်နစ်ဇင်းသင်ခန်းစာသင်ထောက်ကူကားချပ်၊ A4 စာရွက်များ။

**အနှစ်ချုပ်အဓိကအချက်**

- ဒဗေရှင်နစ်ဇင်းသည် အရောင်များပေါင်းစပ်မြင်ရန် ခွဲခြားအစက်ချရေးခြင်းဖြစ်ပြီး ပွိုင့်တယ်လစ်ဇင်းသည် ပိုမိုသေးငယ်သောအစက်များဖြင့် ရေးဆွဲခြင်းဖြစ်သည်။

## ၄ အိတ်ပရက်ရှင်နစ်ဇင်း (Expressionism) စာသင်ချိန် ၂ ချိန်၊ တစ်ချိန် ၄၅ မိနစ်

### သင်ခန်းစာရည်ရွယ်ချက်များ

- အိတ်ပရက်ရှင်နစ်ဇင်းပန်းချီအကြောင်းရှင်းလင်းပြတတ်ရန်
- အိတ်ပရက်ရှင်နစ်ဇင်းပန်းချီကားများကို အကဲဖြတ်ဝေဖန်ပြတတ်ရန်

### သင်ခန်းစာမိတ်ဆက်ခြင်း ၅ မိနစ်

တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် ကျား၊ မ မျှ၍ အုပ်စုများဖွဲ့ပြီး မျက်နှာချင်းဆိုင်ထိုင်စေမည်။

အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ဤသင်ခန်းစာတွင် အိတ်ပရက်ရှင်နစ်ဇင်းပန်းချီနည်းစနစ်အကြောင်း လေ့လာကြရမည် ဖြစ်သည်။ ၎င်းပန်းချီကို စိတ်ခံစားမှုဖော်ပြပန်းချီဟု ခေါ်ကြသည်။ အဓိပ္ပာယ်မှာ စိတ်တွင်းခံစားချက်များကို ဖွင့်ထုတ်ဖော်ပြခြင်းဖြစ်သည်။ ယခု နမူနာအနေဖြင့် ဂျာမန်အိတ်ပရက်ရှင်နစ်ဇင်းနည်းစနစ်ကို လေ့လာကြမည်။

စိတ်ခံစားမှုဖော်ပြသည့်ပန်းချီသည်မည်ကဲ့သို့သောပန်းချီဖြစ်ကြောင်း ထင်မြင်ချက်ပေးရန်ပြောပြပါ။

အုပ်စုတွင်း ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်က ဖြေကြားမည်။

အုပ်စုကိုယ်စားလှယ်ကျောင်းသားများ၏အဖြေကို ဆရာက မှတ်တမ်းတင်ပါ။

**စာသင်ချိန်(၁)**

### သင်ကြားခြင်း ၁၅ မိနစ်

#### (၄-၁) သဘောသဘာဝ

မျက်စိဖြင့် မြင်ရသည့်အတိုင်းမဟုတ်ဘဲ စိတ်၌ခံစားရသည်ကို လွယ်ကူရှင်းလင်းသောဟန်သစ်ဖြင့် ရေးဆွဲခြင်းဖြစ်သည်။ အနားသတ်မျဉ်းထူထူနှင့် ပုံပေါ်တွင် ဖြတ်သောမျဉ်းများဖြင့် ပုံသဏ္ဌာန်တို့ကိုရေးပြီး အတွင်းပိုင်းကို အနားသတ်မျဉ်းအရောင်နှင့် မတူညီသည့်အရောင်သန့်ဖြင့် ခြယ်မှုန်းသောနည်းဖြစ်သည် ဟုဆိုသော သဘောသဘာဝကို အုပ်စုတွင်းဆွေးနွေးစေပြီး စကားလုံးတစ်လုံးစီ၏ အဓိပ္ပာယ်နှင့် မည်သည်ကိုဆိုလိုကြောင်း မှတ်ချက်ရေးရန် ပြောပြပါ။

#### (၄-၂) ရေးဆွဲသူများနှင့် ပန်းချီကားများ

ဒတ်ချ်လူမျိုးဗန်ဂိုးက အင်ပရက်ရှင်နစ်ဇင်းသည် စိတ်တွင်းခံစားမှုများကို ဖော်ပြရန်မလွယ်ကူဟု သိမြင်လာသဖြင့် အိတ်ပရက်ရှင်နစ်ဇင်းစနစ်ကိုတီထွင်သည်။ ၎င်းစနစ်ကို အက်ဒ်ဝပ်မွန့်၊ ပေါလမိုဒါဆွန်ဘက်ကာ၊ အီဂွန်ရှီလာ၊ ဖရွန့်မားခ်၊ အဲန့်လောက်ဒရစ်ကာချ်နာ၊ မားခ်ချာဂေါ်နှင့် အော်စကာခါခါရှကာတို့က အသုံးပြုရေးဆွဲခဲ့ကြကြောင်း ပြောပြပါ။



UBE BOX - Copyright Protected

ယခုသင်ခန်းစာတွင် အိတ်ပရက်ရှင်နစ် ပန်းချီဆရာများအနက် မွန့်နှင့် မိုဒါဆွန်ဘက်ကာတို့၏အနုပညာဘဝနှင့် ပန်းချီကားများကို လေ့လာကြမည်ဖြစ်ကြောင်း ပြောပြပါ။

**(၄-၂-၁) အက်ဒ်ဝပ်မွန့်** Edvard Munch (1863-1944)

မွန့်သည် အာရုံမြင်ပန်းချီနှင့်အာရုံမြင်လွန်ပန်းချီကိုသင်ကြားရင်း ပါရီမြို့တွင် အချိန်ကုန်စေခဲ့သည်။ သူ၏ အကျော်ကြားဆုံးပန်းချီကားမှာ(The Scream of Nature)ဖြစ်သည်။ပြပွဲတင်စဉ်က ပရိသတ်များလွန်းသဖြင့်ပြပွဲကို ပိတ်ရသည်အထိ ဖြစ်ခဲ့သည်။ သူသည် အထီးကျန်မှု၊ ဆန္ဒရှိမှုနှင့် မနာလိုမှုစသော စိတ်ခံစားချက်ပြင်းထန်ခြင်းကို အထူးပြု ရေးဆွဲလေ့ရှိကြောင်း ပြောပြပါ။

၁၈၉၂ ခုနှစ်မှ ၁၉၀၈ ခုနှစ်အတွင်း ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ပန်းချီကားများသာမက ကြေးပုံနှိပ်ပန်းချီ(Etching)၊ ကျောက်ပုံကူးပန်းချီ(Lithography)နှင့် သစ်ထွင်းပုံနှိပ်ပန်းချီ(Wood cut) များကို ပြုလုပ်ဖန်တီးရေးဆွဲခဲ့ကြောင်း ပြောပြပါ။

မွန့်က "ကျုပ်ရဲ့ပန်းချီကားတွေကို ပြင်းထန်တဲ့တုံ့ပြန်မှုရအောင် ဖန်တီးချင်တယ်"ဟု ပြောခဲ့ကြောင်း ပြောပြပါ။

**လေ့ကျင့်ခြင်း** ၂၅ မိနစ်

မွန့်ရေးဆွဲခဲ့သောပန်းချီကားများအနက် ပုံ(၃)၊ ပုံ(၄)၊ ပုံ(၅)၊ နှင့်ပုံ(၆)တို့တွင်ပါရှိသည့်ပန်းချီကားများကို အုပ်စုတစ်စုချင်းလေ့လာနိုင်ရန် အိတ်ပရက်ရှင်နစ်ဇင်းသင်ခန်းစာ သင်ထောက်ကူကားချပ်ပြုလုပ်၍ နံရံတွင် ချိတ်ဆွဲပြသပါ။

ထိုသို့လေ့လာရာတွင် အသုံးပြုထားသောအရောင်များ၊ ပန်းချီကားဖွဲ့စည်းပုံနှင့် စုတ်ချက်များကို လေ့လာရန် ဆရာက ပြောပြပါ။

ကျောင်းသားတစ်ဦးလျှင် A4 တစ်ရွက်ဝေပေးပါ။

ကျောင်းသားများက တစ်ဦးချင်းစီလေ့လာပြီး ရရှိသောမှတ်ချက်များကို အုပ်စုတွင်း ပြန်လည်ဆွေးနွေးရန် ပြောပြပါ။

တစ်အုပ်စုလျှင် A4 တစ်ရွက်ဝေပေးပါ။

အုပ်စုအမည်၊ အုပ်စုတွင်ပါဝင်သောသူများ၏ အမည်များကိုရေးစေပြီး နောက်ဘက်စာမျက်နှာတွင် အိတ်ပရက်ရှင်နစ်ဇင်းအကြောင်း မှတ်သားမိသမျှကို ဖော်ပြ၍ မွန့်၏ ပန်းချီကားများအပေါ် မှတ်ချက်ပေးထားသည်များကို အုပ်စုတစ်စုစီက ရေးရန် ပြောပြပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ အိတ်ပရက်ရှင်နစ်ဇင်းပန်းချီအကြောင်းကို ရှင်းပြပါ။

၂။ မွန့်၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို ဆွေးနွေးပါ။

DBE BOX - Copyright Protected

အုပ်စုလိုက် ရှင်းပြချက်နှင့် မှတ်ချက်များကို အောက်ပါအတိုင်းစစ်ဆေးပြီး အဆင့်သတ်မှတ်ပေးမည်။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A-အိတ်ပရက်ရှင်နစ်ဇင်းပန်းချီအကြောင်းကို ပြည့်စုံစွာ ရှင်းပြတတ်ခြင်း။

B-အိတ်ပရက်ရှင်နစ်ဇင်းပန်းချီအကြောင်းကို ရှင်းပြတတ်ခြင်း။

C-အိတ်ပရက်ရှင်နစ်ဇင်းပန်းချီအကြောင်းမရှင်းပြတတ်ခြင်း။

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A-မွန့်၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို ကျိုးကြောင်းပြတင်ပြနိုင်ခြင်း။

B-မွန့်၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို တင်ပြနိုင်ခြင်း။

C-မွန့်၏ ပန်းချီကားများကို လေ့လာပြီး တွေ့ရှိချက်များကို မတင်ပြနိုင်ခြင်း။

(စစ်ဆေးပြီးသောစာရွက်များကို သင်ခန်းစာ(၄) ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

သင်ထောက်ကူပစ္စည်း။ အိတ်ပရက်ရှင်နစ်ဇင်းသင်ခန်းစာသင်ထောက်ကူကားချပ်၊ A4 စာရွက်များ။

**စာသင်ချိန်(၂)**

**သင်ကြားခြင်း** ၁၅ မိနစ်

## (၄-၂-၂) ပေါလမိုဒါဆွန်ဘက်ကာ Paula Modersohn-Becker (1876-1907)

မိုဒါဆွန်ဘက်ကာကို ဂျာမနီတွင် ၁၈၇၆ ခုနှစ်၌ မွေးဖွားခဲ့သည်။ ဘရီမန်မြို့(Bremen)အနီး ဝေါ့စ်ဝိဒ္ဒါ(Worswede)တွင် နေထိုင်ခဲ့ပြီး အိမ်ထောင်ကျခဲ့သည်။သူသည် ၁၈၉၆ခုနှစ်မှ ၁၈၉၈ခုနှစ်အတွင်း An Artistic Colony အဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့သည်။

အလွန်ရိုးရှင်းသော ပုံသဏ္ဌာန်များကိုသာ ရေးဆွဲခဲ့ပြီး အဝတ်မဲ့မျက်လုံးပြူးပြူး အမျိုးသမီးပုံများကို အာရုံစိုက်ရေးဆွဲခဲ့သည်။ သူ၏ကိုယ်တိုင်ရေးပုံတူများ၊ လယ်သမားပုံများကိုလည်း ရေးလေ့ရှိခဲ့သည်။ မိုဒါဆွန်ဘက်ကာသည် ခေတ်သစ်ပန်းချီနှင့် အိတ်ပရက်ရှင်နစ်ဇင်းပန်းချီစနစ်ကို အုတ်မြစ်ချပေးခဲ့သူဖြစ်သည်။

၁၉၀၇ ခုနှစ်တွင် သမီးတစ်ဦးမွေးဖွားပြီး ၃ ပတ်အကြာတွင် သူသည် ကွယ်လွန်ခဲ့ကြောင်း ပြောပြပါ။

## (၄-၃) အခြားရေးဆွဲသူများ၏ ပန်းချီကားများ

အိတ်ပရက်ရှင်နစ်ဇင်းပန်းချီကားများကို ဖရွန့်မားခ်၊ မားခ်ချာဂေါ၊ အော်စကာခါခါရှကာ၊ အဲန့်စ်ထ်လောက်ဒရစ်ကာချ်နာတို့လည်းရေးဆွဲခဲ့ကြောင်း ကားချပ်ရှိပုံများကို ပြပြီး ပြောပြပါ။

**လေ့ကျင့်ခြင်း** ၂၅ မိနစ်

ကျောင်းသားတစ်ဦးလျှင် A4 တစ်ရွက်ဝေပေးပါ။

DREBOX - Copyright Protected

ဆွန်ဘက်ကာရေးဆွဲခဲ့သော စာမျက်နှာ(၁၆)ရှိပန်းချီကားများနှင့် အခြားသူများရေးဆွဲခဲ့သော စာမျက်နှာ(၁၇)ရှိ ပန်းချီကားများကို အုပ်စုတစ်စုချင်းလေ့လာနိုင်ရန် အိတ်ပရက်ရှင်နစ်ဇင်းသင်ခန်းစာသင်ထောက်ကူကားချပ်ပြုလုပ်ပြီး နံရံတွင် ချိတ်ဆွဲပြသပါ။

ထိုသို့လေ့လာရာတွင် အသုံးပြုထားသောအရောင်များ၊ ပန်းချီကားဖွဲ့စည်းပုံနှင့်စုတ်ချက်များကိုလေ့လာရန် ဆရာက ပြောပြပါ။

ကျောင်းသားများက တစ်ဦးချင်းစီလေ့လာပြီး ရရှိသောမှတ်ချက်များကို အုပ်စုတွင်း ပြန်လည်ဆွေးနွေးရန် ပြောပြပါ။

တစ်အုပ်စုလျှင် A4 တစ်ရွက်ဝေပေးပါ။

အုပ်စုအမည်၊ အုပ်စုတွင်ပါဝင်သောသူများ၏ အမည်များကိုရေးစေပြီး နောက်ဘက်စာမျက်နှာတွင် ပေါလ်ဂိုဒါဆွန်ဘက်ကာ၏ ပန်းချီကားများအပေါ် မှတ်ချက်ပေးထားသည်များကို အုပ်စုတစ်စုစီက ရေးရန် ပြောပြပါ။

## ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း ၅ မိနစ်

၁။ ဆွန်ဘက်ကာအကြောင်းကို လေ့လာပြီး ပြည့်စုံစွာပြောပြပါ။

၂။ ဆွန်ဘက်ကာနှင့် အခြားသူများ၏ပန်းချီကားများမှ တွေ့ရှိချက်များကို ဆွေးနွေးပါ။

အုပ်စုလိုက် ရှင်းပြချက်နှင့် မှတ်ချက်များကို အောက်ပါအတိုင်းစစ်ဆေးပြီး အဆင့်သတ်မှတ်ပေးမည်။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A-ဆွန်ဘက်ကာအကြောင်းကို လေ့လာပြီး ပြည့်စုံစွာပြောပြတတ်ခြင်း။

B-ဆွန်ဘက်ကာအကြောင်းကို လေ့လာပြီး ပြောပြတတ်ခြင်း။

C-ဆွန်ဘက်ကာအကြောင်းကို လေ့လာပြီး မပြောပြတတ်ခြင်း။

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A-ဆွန်ဘက်ကာနှင့် အခြားသူများ၏ပန်းချီကားများအကြောင်းကို နက်နဲစွာ ဆွေးနွေးတတ်ခြင်း။

B-ဆွန်ဘက်ကာနှင့် အခြားသူများ၏ပန်းချီကားများအကြောင်းကို ဆွေးနွေးတတ်ခြင်း။

C-ဆွန်ဘက်ကာနှင့် အခြားသူများ၏ပန်းချီကားများအကြောင်းကို မဆွေးနွေးတတ်ခြင်း။

(စစ်ဆေးပြီးသောစာရွက်များကို သင်ခန်းစာ(၄) ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

သင်ထောက်ကူပစ္စည်း။ အိတ်ပရက်ရှင်နစ်ဇင်းသင်ခန်းစာသင်ထောက်ကူကားချပ်၊ A4 စာရွက်များ။

**အနှစ်ချုပ်အဓိကအချက်**

- အမြင်အတိုင်းမရေးဆွဲဘဲ စိတ်၌ခံစားရသည်ကို လွယ်ကူရှင်းလင်းစွာ ရေးဆွဲခြင်းနှင့် အနားသတ်မျဉ်းထူထူဖြင့် ရေးပြီး အနားသတ်မျဉ်းနှင့် မတူညီသည့်အရောင်သန့်ဖြင့် ခြယ်မှုန်းခြင်းဖြစ်သည်။

## ၅ ဩဂုတ်စတိရိုဒင် Auguste Rodin (1840-1917)

**သင်ခန်းစာရည်ရွယ်ချက်များ** စာသင်ချိန် ၂ ချိန်၊ တစ်ချိန် ၄၅ မိနစ်

- ပြင်သစ်ပန်းပုကျော် ဩဂုတ်စတိရိုဒင်အကြောင်းဆွေးနွေးတတ်ရန်
- ဩဂုတ်စတိရိုဒင်၏ ပန်းပုရုပ်များနှင့် ပတ်သက်၍ ထင်မြင်ချက်ကို ပြောပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်ခြင်း** ၅ မိနစ်

တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် ကျား၊ မ မျှ၍ အုပ်စုများဖွဲ့ပြီး မျက်နှာချင်းဆိုင်ထိုင်စေမည်။ အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ဤသင်ခန်းစာတွင် ပြင်သစ်ပန်းပုဆရာ ဩဂုတ်စတိရိုဒင်(Auguste Rodin) အကြောင်းလေ့လာကြရမည်ဖြစ်ကြောင်း ပြောပြပါ။

ပန်းပုဆိုသည်မှာ အဘယ်နည်းဟုမေးပါ။

အုပ်စုတွင်း ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်က ဖြေကြားမည်။

ပန်းပုဆိုသည်မှာ သစ်သား၊ စကျင်ကျောက်စသည်တို့ကို ရုပ်လုံးရုပ်ကြွထွင်းထုသော အတတ်ပညာဖြစ်ကြောင်း ပြောပြပါ။

**စာသင်ချိန်(၁)**

**သင်ကြားခြင်း** ၁၀ မိနစ်

### (၅-၁) ရိုဒင်၏ ဘဝနှင့် အနုပညာ

ရိုဒင်ကို၁၈၄၀ ပြည့်နှစ်တွင် ပြင်သစ်နိုင်ငံ၊ ပါရီမြို့၌ ငွေကြေးအသင့်အတင့်ရှိသော မိသားစုက မွေးဖွားခဲ့သည်။ အသက် ၁၀နှစ်အရွယ်တွင် ပန်းချီပညာကို စတင်သင်ကြားခွင့်ရရှိခဲ့ပြီး အသက် ၁၇ နှစ်တွင် ရွှံ့ကိုအသုံးပြု၍ ပန်းပုရုပ်ငယ်ကလေးများစတင်ပြုလုပ်ခဲ့ရာ ပြိုင်ပွဲတွင် ဆု ၂ ခု ရရှိခဲ့သည်။ ၁၈၅၈ ခုနှစ်တွင် ပါရီမြို့ပန်းခြံများနှင့် လူမြင်ကွင်းများ၌ ပန်းပုရုပ်ပေါင်းမြောက်မြားစွာ ထုလုပ်ခဲ့သည်။ ပြင်သစ်ပရက်ရှန်းစစ်ပွဲ (The Franco Prussian war) သည် ၁၈၇၀ ပြည့်နှစ်တွင်ဖြစ်ပွားရာ သူသည် စစ်မှုထမ်းခဲ့ရသည်။ ရို့စ်ဘားရတ် (Rose Beuret) အမည်ရှိ အမျိုးသမီးနှင့် ၁၈၈၆ ခုနှစ်တွင် အိမ်ထောင်ပြုပြီး သားတစ်ဦးထွန်းကားခဲ့သည်။ အသက် ၃၃ နှစ်အရွယ်တွင် မျက်စိအားနည်းသောကြောင့် စစ်တပ်မှ ထွက်ခွင့်ရခဲ့သည်။

ပြီးနောက် Albert-Ernest-Carrier-Belleuse အမည်နှင့် ပန်းပုထုခဲ့သည်။ ၎င်းမှဘယ်လ်ဂျီယံနိုင်ငံ(Belgiun)၊ ဘရပ်ဆဲမြို့ (Brussels)တွင် ၆ နှစ်ခန့် သွားရောက်လုပ်ကိုင်ခဲ့သည်။ ရိုဒင်သည် ပထမဦးဆုံးတစ်ကိုယ်တော်ပန်းပုပြပွဲကို ပြနိုင်ခဲ့သည်။ ထို့နောက်ရောမခေတ်ကဲ့သို့ ရှေးကျသောပုံစံများကို စိတ်ဝင်တစားလေ့လာပြီး ကြီးမားသောရုပ်တုကြီးများ မြောက်မြားစွာထုလုပ်သည်။

DRE BOOK - Copyright Protected

Auguste Neyt အမည်ရှိစစ်သား၏ပုံကို ၎င်း၏သက်ရှိအရွယ်အစားအတိုင်း nude ပုံတူရုပ်တုတစ်ခု ထုလုပ်ခဲ့သည်။ ထိုရုပ်တုကို The Vanquished ဟုအမည်ပေးခဲ့ပြီး အလွန်အသက်ဝင်ကာ သရုပ်မှန်လွန်းသဖြင့် ဝေဖန်မှုများစွာ ခံခဲ့ရသည်။ နောက်ပိုင်းတွင် ၎င်းရုပ်တုအား The age of bronze ဟု အမည်ပြောင်းလဲခေါ်ဝေါ်ကြသည်။

၁၈၈၀ပြည့်နှစ်တွင် ပြင်သစ်အနုပညာဝန်ကြီးဌာန၌ ပန်းပုဆရာဖြစ်လာပြီး The museum of Decorative Arts ပြတိုက်၏ဝင်ပေါက်၌ ၁၉ ရာစုတွင် ခေတ်စားခဲ့သော Dante's Divine Comedy ၏ ဝတ်စားဆင်ယင်မှုပုံစံယူပြီး The Gate of Hell ကို ဖန်တီးပြုလုပ်ခဲ့သည်။ သို့သော် ၁၀ နှစ်ခန့်အကြာတွင် ပြတိုက်လုပ်ငန်းဖျက်သိမ်းခံရသည်။ ရိုဒင်သည် Camille Clauden အမည်ရှိအမျိုးသမီးကို စံပြထိုင်စေလျက် ပန်းပုထုခဲ့ပြီး The Kiss ဟုအမည်ပေးခဲ့သည်။ ရိုဒင်၏ အကျော်ကြားဆုံးလက်ရာများမှာ The Kiss နှင့် The Thinker တို့ဖြစ်ကြသည်။

**လေ့ကျင့်ခြင်း** ၂၅ မိနစ်

ဆရာက ကျောင်းသားတစ်ဦးလျှင် A4 စာရွက်တစ်ရွက်စီ ဝေပါ။

ဩဂတ်စတိရိုဒင်သင်ခန်းစာသင်ထောက်ကူကားချပ်ကို ကျောင်းသားများ လေ့လာနိုင်ရန် နံရံတွင် ချိတ်ဆွဲပြသပါ။

ထိုသို့လေ့လာရာတွင် ပန်းပုဆရာရိုဒင်အကြောင်းကိုသာ လေ့လာရန် ပြောပြပါ။

ကျောင်းသားများက တစ်ဦးချင်းစီလေ့လာပြီး ရရှိသောမှတ်ချက်များကို အုပ်စုတွင်းပြန်လည်ဆွေးနွေးရန် ပြောပြပါ။ တစ်အုပ်စုလျှင် A4 တစ်ရွက်ဝေပေးပါ။

အုပ်စုအမည်၊ အုပ်စုတွင်ပါဝင်သောသူများ၏ အမည်များကို ရေးစေပြီး နောက်ဘက်စာမျက်နှာတွင် ရိုဒင်အကြောင်းမှတ်သားမိသမျှကိုဖော်ပြ၍ ရိုဒင်အကြောင်းနှင့် ပြတိုက်လက်ရာများအပေါ် မှတ်ချက်ပေးထားသည်များကို အုပ်စုတစ်စုစီက ရေးရန် ပြောပြပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ ပြင်သစ်ပန်းပုကျော် ဩဂတ်စတိရိုဒင်အကြောင်းဆွေးနွေးပါ။
၂။ ရိုဒင်ပြတိုက်အကြောင်း မှတ်ချက်ရေးပါ။

အုပ်စုလိုက် ရှင်းပြချက်နှင့်မှတ်ချက်များကို အောက်ပါအတိုင်းစစ်ဆေးပြီး အဆင့်သတ်မှတ်ပေးမည်။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A-ပြင်သစ်ပန်းပုကျော် ဩဂတ်စတိရိုဒင်အကြောင်း ပြည့်စုံစွာ ပြောပြတတ်ခြင်း။
B-ပြင်သစ်ပန်းပုကျော် ဩဂတ်စတိရိုဒင်အကြောင်း ပြောပြတတ်ခြင်း။

DBE BOX - Copyright Protected

C-ပြင်သစ်ပန်းပုကျော် ဩဂုတ်စတီရိုဒင်အကြောင်း မပြောပြတတ်ခြင်း။

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A-ရိုဒင်ပြတိုက်အကြောင်း မှတ်ချက်ကို ကျိုးကြောင်းခိုင်လုံစွာရေးပြတတ်ခြင်း။

B-ရိုဒင်ပြတိုက်အကြောင်း မှတ်ချက်ကို ရေးပြတတ်ခြင်း။

C-ရိုဒင်ပြတိုက်အကြောင်း မှတ်ချက်ကို မရေးပြတတ်ခြင်း။

(စစ်ဆေးပြီးသောအဖြေစာရွက်များကို သင်ခန်းစာ(၅)၊ ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

သင်ထောက်ကူပစ္စည်း။ ဩဂုတ်စတီရိုဒင်သင်ခန်းစာသင်ထောက်ကူကားချပ်၊ A4 စာရွက်များ။

## စာသင်ချိန်(၂)

**သင်ကြားခြင်း** ၁၅ မိနစ်

The Gates of Hell ငရဲတံခါး ပုံ(၃)နှင့် The Thinker အတွေးသမား ပုံ(၄)တို့သည် ရိုဒင်၏ ကျော်ကြားသောပန်းပုလက်ရာများဖြစ်ကြောင်းပြောပြပါ။

**လေ့ကျင့်ခြင်း** ၂၅ မိနစ်

ကျောင်းသားတစ်ဦးလျှင် A4 တစ်ရွက်ဝေပေးပါ။

ဩဂုတ်စတီရိုဒင်သင်ခန်းစာသင်ထောက်ကူကားချပ်ကို ကျောင်းသားများလေ့လာနိုင်ရန် နံရံတွင် ချိတ်ဆွဲပြပါ။

ထိုသို့လေ့လာရာတွင် ပန်းပုရုပ်တုများရှိဟန်နှင့် လက်ရာအရည်အသွေးများကို ရှုထောင့်အမျိုးမျိုးဖြင့် လေ့လာရန် ပြောပြပါ။

ကျောင်းသားများက တစ်ဦးချင်းစီလေ့လာပြီး ရရှိသောမှတ်ချက်များကို အုပ်စုတွင်းပြန်လည်ဆွေးနွေးရန် ပြောပြပါ။

တစ်အုပ်စုလျှင် A4 တစ်ရွက်ဝေပေးပါ။

အုပ်စုအမည်၊ အုပ်စုတွင်ပါဝင်သောသူများ၏ အမည်များကို ရေးစေပြီး နောက်ဘက်စာမျက်နှာတွင် ရိုဒင်၏ ဟန်နှင့်လက်ရာများအပေါ် မှတ်ချက်များကို အုပ်စုတစ်စုစီက ရေးရန် ပြောပြပါ။

DBE BOX - Copyright Protected

## ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း		၅ မိနစ်

၁။ ဩဂတ်စတိရိုဒင်၏ ပန်းပုရုပ်များနှင့် ပတ်သက်၍ ထင်မြင်ချက်ကို ဖော်ပြပါ။

၂။ ဩဂတ်စတိရိုဒင်၏ အနုပညာနှင့် ပတ်သက်၍ အကြောင်းအရာနှင့် အချက်အလက်များကို စုဆောင်းပြီး ပုံပြစာစောင်တစ်ခုပြုစုပါ။

အုပ်စုလိုက် ရှင်းပြချက်နှင့်မှတ်ချက်များကို အောက်ပါအတိုင်းစစ်ဆေးပြီး အဆင့်သတ်မှတ်ပေးမည်။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A-ဩဂတ်စတိရိုဒင်၏ ပန်းပုရုပ်များအပေါ် ထင်မြင်ချက်များကို ကျိုးကြောင်းပြပြောပြတတ်ခြင်း။

B-ဩဂတ်စတိရိုဒင်၏ ပန်းပုရုပ်များအပေါ် ထင်မြင်ချက်များကို ပြောပြတတ်ခြင်း။

C-ဩဂတ်စတိရိုဒင်၏ ပန်းပုရုပ်များအပေါ် ထင်မြင်ချက်များကို မပြောပြတတ်ခြင်း။

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A-ဩဂတ်စတိရိုဒင်၏ အနုပညာနှင့် ပတ်သက်၍ အကြောင်းအရာနှင့် အချက်အလက်များကို စုဆောင်းပြီး အချက်အလက်စုံလင်စွာ ပုံပြစာစောင်တစ်ခုပြုစုတတ်ခြင်း။

B-ဩဂတ်စတိရိုဒင်၏ အနုပညာနှင့် ပတ်သက်၍ အကြောင်းအရာနှင့် အချက်အလက်များကို စုဆောင်းပြီး ပုံပြစာစောင်တစ်ခုပြုစုတတ်ခြင်း။

C-ဩဂတ်စတိရိုဒင်၏ အနုပညာနှင့် ပတ်သက်၍ အကြောင်းအရာနှင့် အချက်အလက်များကို စုဆောင်းပြီး ပုံပြစာစောင်တစ်ခုမပြုစုတတ်ခြင်း။

ပုံပြစာစောင်အတွက် အကြောင်းအရာနှင့် အချက်အလက်များရှာဖွေနိုင်ရန် အချိန်ပေးရမည်ဖြစ်ပြီး အင်တာနက်နှင့်စာကြည့်တိုက်များအသုံးပြုတတ်အောင် လမ်းညွှန်ပေးပါ။

ပုံပြစာစောင်တစ်ခုတွင် မျက်နှာဖုံး၊ အတွင်းမာတိကာနှင့် စာမျက်နှာ၊ ပုဂ္ဂိုလ်၏အကြောင်းနှင့် ပုံများပါဝင်ရမည်ဖြစ်ပြီး မည်သည့်နေရာမှ အချက်အလက်ပုံများရရှိသည်ကို ဖော်ပြရန်ပြောပြပါ။

ပုံပြစာစောင်အတွက် အခက်အခဲရှိပါက နံရံကပ်စာစောင်ပြုလုပ်နိုင်သည်။

(စစ်ဆေးပြီးသောအဖြေစာရွက်များကို အခန်း(၄)၊ ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

သင်ထောက်ကူပစ္စည်း။ ဩဂတ်စတိရိုဒင်သင်ခန်းစာသင်ထောက်ကူကားချပ်၊ A4 စာရွက်များ။

**အနှစ်ချုပ်အဓိကအချက်**

- ရိုဒင်၏ အကျော်ကြားဆုံးပန်းပုလက်ရာများမှာ The Thinker နှင့် The Kiss တို့ဖြစ်သည်။

DBHBOX - Copyright Protected

## ၆ ကက်ဆုရှီက ဟိုကူဆိုင် Katsushika Hokusai (1760-1849)

**သင်ခန်းစာရည်ရွယ်ချက်များ** စာသင်ချိန် ၂ ချိန်၊ တစ်ချိန် ၄၅ မိနစ်

- ဟိုကူဆိုင်၏ သစ်ထွင်းပုံနှိပ်ပန်းချီကားများအကြောင်း လေ့လာဆွေးနွေးတင်ပြတတ်ရန်
- သစ်ထွင်းပုံနှိပ်ပန်းချီလက်ရာတစ်ခုပြုလုပ်ပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်ခြင်း** ၅ မိနစ်

တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် ကျား၊ မ မျှ၍ အုပ်စုများဖွဲ့ပြီး မျက်နှာချင်းဆိုင်ထိုင်စေမည်။ အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ဤသင်ခန်းစာတွင် ဟိုကူဆိုင်၏ သစ်ထွင်းပုံနှိပ်ပန်းချီအကြောင်းလေ့လာကြရမည်ဖြစ်သည်။ ၎င်းကို လက်ထွင်းပန်းချီ၊ ပုံနှိပ်ပုံကူးပညာ၊ ပုံပွားအနုပညာ၊ ဂရပ်ဖစ်အနုပညာဟု အမျိုးမျိုးခေါ်ကြကြောင်းပြောပြပါ။

သစ်ထွင်းပုံနှိပ်ပန်းချီ ဆိုသောစကားလုံးကို မည်သို့နားလည်သနည်းဟုမေးပါ။

အုပ်စုတွင်း ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်က ဖြေကြားမည်။

သစ်ထွင်းပုံနှိပ်ပန်းချီ (The art of wood block print) ဆိုသည်မှာ အရောင်မပါသောကောက်ကြောင်းကို သစ်သားပြားတွင် ထွင်းထုအခြေခံပြီး အရောင်သွင်းရန် ပုံသဏ္ဌာန်များကို နောက်သစ်သားပြားများတွင် ထပ်မံထွင်းထု၍ သစ်သားတစ်ပြားကို တစ်ရောင်စီဖြင့် ပုံနှိပ်ခြင်းဖြစ်သည်။ သစ်သားပြားအပြင် ဖယောင်းပုဆိုး၊ ပလတ်စတာ၊ ရော်ဘာ၊ ကတ်ထူစက္ကူနှင့် ရေခဲဖော့တုံးများကိုလည်း ထွင်းထုနိုင်ကြောင်းကို ပြောပြပါ။

**စာသင်ချိန်(၁)**

**သင်ကြားခြင်း** ၁၀ မိနစ်

### (၆–၁) ဟိုကူဆိုင်၏ ဘဝနှင့် အနုပညာ

ဟိုကူဆိုင်သင်ခန်းစာသင်ထောက်ကူကားချပ်ကိုပြပြီး ဟိုကူဆိုင်ကို ဂျပန်နိုင်ငံ၊ အီဒိုမြို့ (ယခုတိုကျိုမြို့)တွင် ၁၇၆၀ ပြည့်နှစ်၌ မွေးဖွားခဲ့သည်။ လက်မှုပညာသည်မျိုးရိုးမှ မွေးဖွားလာပြီး ငယ်နာမည်မှာ တိုကီတာရို ဖြစ်သည်။ အသက် ၆ နှစ်မှ စတင်ပြီး ပန်းချီရေးဆွဲခဲ့သည်။

အသက် ၁၂ နှစ်တွင် ပန်းပုအလုပ်သင်ဖြစ်ခဲ့ပြီး အသက် ၁၈ နှစ်တွင် အနုပညာစီးပွားရေးကုန်သည်အသင်း (Katsukawa Shunshō) စတူဒီယိုက ပညာသင်ပေးကာ အလုပ်ပေးခဲ့သည်။ နောက်ပိုင်းတွင် သစ်ထွင်းပုံနှိပ်ပန်းချီအကျော်အမော်တစ်ဦးဖြစ်လာသည်။ သူသည် ဂျပန်လူနေမှုဘဝနှင့် ရှုမျှော်ခင်းများကို သစ်ထွင်းပုံနှိပ်ပန်းချီဖြင့် ပုံဖော်ပြီး ပုံနှိပ်ခဲ့သည်။

ဟိုကူဆိုင်၏ ဖူဂျီတောင်ရှုခင်း ၃၆ ခုအနက် ကာနာဂါဝါ၏ကြီးမားသောလှိုင်းများ အမည်ရှိ သစ်ထွင်းပုံနှိပ်ပန်းချီလက်ရာသည် ကျော်ကြားကြောင်းပြောပြပါ။

DBE BOX - Copyright Protected

## (၆–၂) ဟိုကူဆိုင်၏ လက်ရာများ

သင်ထောက်ကူကားချပ်ကိုပြပြီး ဟိုကူဆိုင်၏ Fugaku(Mount Fuji)စီးရီးမှ Offing Wave of Kanagawa ကန်နာဂါဝါ၏ ပင်လယ်လှိုင်းများ၊ Lake Suwa in The Shinano Province ရှီနနိုခရိုင်ထဲက စုဝရေကန်၊ Saramaru Dayu from the series 100 Poems ကဗျာ ၁၀၀ စီးရီးမှ စရာမာရုဒါယုစသောကားများသည် ရေးဆွဲထားခြင်းမဟုတ်ဘဲ ပန်းချီပုံတစ်ပုံရရှိရန် သစ်သားပြားများကို ထွင်းပြီး အရောင်တစ်ဆင့်ချင်းရိုက်ကာ ပုံနှိပ်၍ ရရှိလာခြင်းဖြစ်ကြောင်း ပြောပြပါ။

**လေ့ကျင့်ခြင်း** ၂၅ မိနစ်

ဆရာက ကျောင်းသားတစ်ဦးလျှင် A4 စာရွက်တစ်ရွက်စီ ဝေပါ။

ဟိုကူဆိုင်ပုံနှင့် ဟိုကူဆိုင်၏ လက်ရာများပါသော သင်ထောက်ကူကားချပ်ကို ကျောင်းသားများ လေ့လာနိုင်ရန် နံရံတွင် ချိတ်ဆွဲပြသပါ။

ထိုသို့လေ့လာရာတွင် ပန်းချီကားများမှ အရောင်၊ ပန်းချီကားဖွဲ့စည်းပုံနှင့် အချက်အလက်များကို ဦးစားပေးလေ့လာရန် ပြောပြပါ။

ကျောင်းသားများက တစ်ဦးချင်းစီလေ့လာပြီး ရရှိသောမှတ်ချက်များကို အုပ်စုတွင်း ပြန်လည်ဆွေးနွေးရန် ပြောပြပါ။

တစ်အုပ်စုလျှင် A4 တစ်ရွက်ဝေပေးပါ။

အုပ်စုအမည်၊ အုပ်စုတွင်ပါဝင်သောသူများ၏ အမည်များကိုရေးစေပြီး နောက်ဘက်စာမျက်နှာတွင် ဟိုကူဆိုင်အကြောင်း မှတ်သားမိသမျှကို ဖော်ပြ၍ ဟိုကူဆိုင်၏လက်ရာများအပေါ် မှတ်ချက်ပေးထားသည်များကို အုပ်စုတစ်စုစီက ရေးရန် ပြောပြပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ ဟိုကူဆိုင်၏အကြောင်း လေ့လာပြီး ဆွေးနွေးပြပါ။
၂။ ဟိုကူဆိုင်၏ သစ်ထွင်းပုံနှိပ်ပန်းချီကားများအပေါ် လေ့လာပြီး ဆွေးနွေးတင်ပြပါ။

လေ့ကျင့်ခြင်းမှ ရရှိသော ဟိုကူဆိုင်၏အကြောင်းဆွေးနွေးချက်၊ သစ်ထွင်းပုံနှိပ်ပန်းချီအပေါ် လေ့လာပြီး ဆွေးနွေးတင်ပြချက်များပါဝင်သည့် အုပ်စုလိုက်တစ်အုပ်စုချင်းစီ၏ စာရွက်များကို တစ်ဖက်စာမျက်နှာပါ စစ်ဆေးခြင်းအဆင့်များဖြင့် စစ်ဆေးပြီး အဆင့်သတ်မှတ်ပေးမည်။

DBE BOX - Copyright Protected

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A-ဟိုကူဆိုင်၏အကြောင်း လေ့လာပြီး ပြည့်စုံစွာ ဆွေးနွေးတတ်ခြင်း။
B-ဟိုကူဆိုင်၏အကြောင်း လေ့လာပြီး ဆွေးနွေးတတ်ခြင်း။
C-ဟိုကူဆိုင်၏အကြောင်း လေ့လာပြီး မဆွေးနွေးတတ်ခြင်း။

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A-ဟိုကူဆိုင်၏ သစ်ထွင်းပုံနှိပ်ပန်းချီအပေါ် လေ့လာပြီး ပြည့်စုံစွာဆွေးနွေးတင်ပြတတ်ခြင်း။
B-ဟိုကူဆိုင်၏ သစ်ထွင်းပုံနှိပ်ပန်းချီအပေါ် လေ့လာပြီး ဆွေးနွေးတင်ပြတတ်ခြင်း။
C-ဟိုကူဆိုင်၏ သစ်ထွင်းပုံနှိပ်ပန်းချီအပေါ် လေ့လာပြီး ဆွေးနွေးမတင်ပြတတ်ခြင်း။

(စစ်ဆေးပြီးသောစာရွက်များကို သင်ခန်းစာ(၆)၊ ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

သင်ထောက်ကူပစ္စည်း။ ဟိုကူဆိုင်သင်ခန်းစာသင်ထောက်ကူကားချပ်၊ A4 စာရွက်များ။

**စာသင်ချိန်(၂)**

**သင်ကြားခြင်း** ၁၀ မိနစ်

## (၆–၃) သစ်ထွင်းပုံနှိပ်ပန်းချီပြုလုပ်ခြင်း

သစ်ထွင်းပုံနှိပ်ပန်းချီပြုလုပ်ခြင်း အဆင့်ဆင့်ပါသော ဟိုကူဆိုင်သင်ခန်းစာ သင်ထောက်ကူကားချပ်ကို ကျောင်းသားများလေ့လာနိုင်ရန် နံရံတွင် ချိတ်ဆွဲပြသပါ။

ပုံ(၆)ကို ပြပြီး အဆင့်(၁)အနေဖြင့် အကြောင်းအရာရှာပြီး ပုံကြမ်းထုတ်ရကြောင်းပြောပြပါ။
ပုံ(၇)ကို ပြပြီး အဆင့်(၂)အနေဖြင့် ပုံတွင် ထည့်သွင်းမည့်အရောင်များခွဲရကြောင်းပြောပြပါ။
ပုံ(၈)ကို ပြပြီး အဆင့်(၃)အနေဖြင့် တစ်ရောင်ချင်းအချပ်များထွင်းထုတ်ရကြောင်းပြောပြပါ။
ပုံ(၉)ကို ပြပြီး အဆင့်(၄)အနေဖြင့် အနားသတ်နှင့် သင်္ကေတာန်ဖော်အချပ်ရကြောင်းပြောပြပါ။
ပုံ(၁၀)ကို ပြပြီး အဆင့်(၅)အနေဖြင့် သင်္ကေတာန်ဖော်အချပ်ဖြင့် ဦးစွာပုံနှိပ်ရကြောင်းပြောပြပါ။
ပုံ(၁၁)ကို ပြပြီး အဆင့်(၆)ကဲ့သို့ အချပ်စုံပုံနှိပ်ပြီးလျှင် ပန်းချီပုံတစ်ပုံရကြောင်းပြောပြပါ။

**လေ့ကျင့်ခြင်း** ၃၀ မိနစ်

ကျောင်းသားတစ်ဦးလျှင် A4 ၂ ရွက်နှင့် ထပ်ကူးရန် ကာဗွန် ၁ရွက်၊ ခဲတံချွန်မား ၁ ချောင်း၊ ၁ ပေပတ်လည် ရေခဲဖော့ ၁ ချပ်စီ ဝေပေးပါ။

ပထမ ၅ မိနစ်တွင် အဆင့်(၁) ပုံကြမ်းထုတ်ခြင်းကို ပြုလုပ်ရန် ပြောပြပါ။
ဒုတိယ ၅ မိနစ်တွင် အဆင့်(၂) အရောင်ခွဲခြင်းကို ပြုလုပ်ရန် ပြောပြပါ။
တတိယ ၁၀ မိနစ်တွင် အဆင့်(၃)နှင့် အဆင့်(၄) အနားသတ်နှင့် သင်္ကေတာန်ဖော်အချပ်ပြုလုပ်ပြီးမှ ကျန်သင်္ကေတာန်ဖော်အချပ်များပြုလုပ်ရန် ပြောပြပါ။

DBE-BOX-Copyright Protected

စတုတ္ထ ၅ မိနစ်တွင် အဆင့် (၅) အနားသတ်နှင့် သဏ္ဍာန်ဖော်အချပ်ဖြင့် ရှေးဦးစွာပုံနှိပ်ရန် ပြောပြပါ။

ပဉ္စမ ၅ မိနစ်တွင် အဆင့် (၆) အရောင်စုံအောင်ပုံနှိပ်ရန် ပြောပြပါ။ (ထိုကဲ့သို့ ပုံနှိပ်ရာတွင် တစ်ရောင်ဆေးခြောက်မှ နောက်တစ်ရောင်ပုံနှိပ်ရန် သတိပေးပါ။)

ပြီးလျှင် A4 ၁ ရွက်တွင် ကျောင်းသားတစ်ဦးစီ၏ အမည်ကို ရေးစေကာ သစ်ထွင်းပုံနှိပ်ပန်းချီ အဆင့်ဆင့်ပြုလုပ်ပုံကို ရေးသားစေပြီး လက်ရာများနှင့်အတူ ဆရာက သိမ်းဆည်းမည်။

မှတ်ချက်။ အကယ်၍ မပြီးစီးပါက နောက်စာသင်ချိန် တစ်ချိန်တွင် ဆက်လက်လုပ်နိုင်ရန် ဆရာက စီစဉ်ပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ သစ်ထွင်းပုံနှိပ်ပန်းချီလက်ရာတစ်ခုပြုလုပ်ပုံအဆင့်ဆင့်ကို ပြောပြပါ။

၂။ သစ်ထွင်းပုံနှိပ်ပန်းချီလက်ရာတစ်ခုပြုလုပ်ပြပါ။

လေ့ကျင့်ခြင်းမှရရှိသော ကျောင်းသားတစ်ဦးချင်း၏ ရှင်းပြချက်စာရွက်များနှင့်လက်ရာများကို အောက်ပါအတိုင်း စစ်ဆေးပြီး အဆင့်သတ်မှတ်ပေးပါ။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A-သစ်ထွင်းပုံနှိပ်ပန်းချီလက်ရာတစ်ခုပြုလုပ်ပုံအဆင့်ဆင့်ကို ပြည့်စုံစွာ ပြောပြတတ်ခြင်း။

B-သစ်ထွင်းပုံနှိပ်ပန်းချီလက်ရာတစ်ခုပြုလုပ်ပုံအဆင့်ဆင့်ကို ပြောပြတတ်ခြင်း။

C-သစ်ထွင်းပုံနှိပ်ပန်းချီလက်ရာတစ်ခုပြုလုပ်ပုံအဆင့်ဆင့်ကို မပြောပြတတ်ခြင်း။

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A-သစ်ထွင်းပုံနှိပ်ပန်းချီလက်ရာတစ်ခုကို လှပသပ်ရပ်စွာ ပြုလုပ်ပြတတ်ခြင်း။

B-သစ်ထွင်းပုံနှိပ်ပန်းချီလက်ရာတစ်ခုကို ပြုလုပ်ပြတတ်ခြင်း။

C-သစ်ထွင်းပုံနှိပ်ပန်းချီလက်ရာတစ်ခုကို မပြုလုပ်ပြတတ်ခြင်း။

(စစ်ဆေးပြီးသောစာရွက်များနှင့် လက်ရာများကို အခန်း(၆)၊ ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

သင်ထောက်ကူပစ္စည်း။ ဟိုကူဆိုင်သင်ခန်းစာသင်ထောက်ကူကားချပ်၊ A4 စာရွက်များနှင့် ထပ်ကူးရန် ကာဗွန် ၁ ရွက်၊ ခဲတံချွန်ဓား ၁ ချောင်း၊ ၁ ပေ ပတ်လည်ရေခဲဖော့ ၁ ချပ်၊ တစ်အုပ်စုလျှင် ရေဆေးရောင်စုံ ၁ စုံ၊ စုတ်တံပြား ၁ ချောင်းစီ။

**အနှစ်ချုပ်အဓိကအချက်**

- အရောင်မပါသောကောက်ကြောင်းကို သစ်သားပြားတွင် ထွင်းထုခြင်း၊ အရောင်သွင်းရန်ပုံများကို နောက်သစ်သားပြားများတွင် ထပ်မံထွင်းထု၍ ဆေးရောင်တစ်ရောင်စီဖြင့်ပုံနှိပ်ခြင်းဖြစ်သည်။

DBE BOX - Copyright Protected

## ၇ အိုရီဂါမီ (Origami) စာသင်ချိန် ၂ ချိန်၊ တစ်ချိန် ၄၅ မိနစ်

### သင်ခန်းစာရည်ရွယ်ချက်များ

- အိုရီဂါမီစက္ကူခေါက်ခြင်းအကြောင်း ပြောပြတတ်ရန်
- စက္ကူချိုးခေါက်ခြင်းဖြင့် အသွင်တူအရုပ်တစ်ခု ချိုးခေါက်ပြတတ်ရန်

### သင်ခန်းစာမိတ်ဆက်ခြင်း ၅ မိနစ်

တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် ကျား၊ မ မျှ၍ အုပ်စုများဖွဲ့ပြီး မျက်နှာချင်းဆိုင်ထိုင်စေမည်။

အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် အိုရီဂါမီစက္ကူချိုးခေါက်ခြင်းအကြောင်း လေ့လာကြမည်ဖြစ်သည်။ ဂျပန်လူမျိုးတို့၏အဆိုအရ "ori "အဓိပ္ပာယ်မှာ ချိုးခေါက်ခြင်းဖြစ်ပြီး "gami" ဆိုသည်မှာ ဂျပန်စကား "kami" မှ ဆင်းသက်လာခြင်းဖြစ်၍ စက္ကူဟု အဓိပ္ပာယ်ရကြောင်းပြောပြပါ။

စက္ကူဖြင့် မည်သည့်အသွင်တူအရုပ်တစ်ခု ချိုးခေါက်ဖူးသနည်းဟု မေးပါ။

အုပ်စုအတွင်း ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်က ဖြေကြားမည်။

အုပ်စုကိုယ်စားလှယ်ကျောင်းသားများ၏အဖြေကို ဆရာက မှတ်တမ်းတင်ပါ။

**စာသင်ချိန်(၁)**

### သင်ကြားခြင်း ၁၀ မိနစ်

**(၇-၁) သဘောသဘာဝ**

ဂျပန်နိုင်ငံမှ အိုရီဂါမီကို စတင်တီထွင်ခဲ့ပြီး ထိုအချိန်မှသည် ယခုအချိန်အထိ အလွန်ခေတ်စားသော အနုပညာရပ်တစ်ခုဖြစ်ကြောင်း ပြောပြပါ။

၎င်းသည် အသက်အရွယ်မရွေးဝါသနာပါစေသော အနုပညာရပ်တစ်ခုလည်းဖြစ်သည်။

စက္ကူချပ်မှ ငှက်များ၊ လိပ်ပြာများ၊ ပန်းများ၊ ခွေးများစသော အရုပ်များစွာတို့၏ ပုံသဏ္ဌာန်များသို့ အသွင်ကူးပြောင်းစေရန် ချိုးခေါက်ပြီး ပုံဖော်ဖန်တီးခြင်းဖြစ်ကြောင်း ပြောပြပါ။

အလွန်ရိုးရှင်းလွယ်ကူသည့်ပုံစံများမှ စပြီး အလွန်နက်နဲသိမ်မွေ့သည့်ပုံစံများအထိ အိုရီဂါမီစက္ကူချိုးခေါက်ခြင်းကို ဖန်တီးပြုလုပ်နိုင်ကြောင်း ပြောပြပါ။

အိုရီဂါမီ စက္ကူချိုးခေါက်ခြင်းတွင် ခက်ခဲခြင်း၊ လွယ်ကူခြင်းသည် ပြုလုပ်သူ၏ ဉာဏ်ရည်နှင့်သာ သက်ဆိုင်သည်။ စိတ်ပျော်ရွှင်ရန်အတွက် အသုံးပြုနိုင်သကဲ့သို့ ခက်ခဲနက်နဲမှုများကိုဖြေရှင်းနိုင်ပြီး ဉာဏ်ရည် မြင့်မားလာစေရန်အတွက် အထောက်အကူပေးသောလုပ်ငန်းတစ်ခုဖြစ်သည်။

**(၇-၂) ပေါ်ပေါက်လာပုံ**

AD ၁၀၅ တွင် တရုတ်နိုင်ငံ၌ စက္ကူကိုစတင်ပြုလုပ်ခဲ့ပြီး ဂျပန်ဘုန်းတော်ကြီးများက ၆ ရာစု

DBE-BOX - Copyright Protected

တွင် ဝယ်ယူခဲ့သည်။ ထိုအချိန်က စက္ကူကို လူနည်းစုသာအသုံးပြုနိုင်ပြီး အခမ်းအနားများနှင့် ဘာသာရေးဆိုင်ရာပွဲများတွင်သာ အသုံးပြုခဲ့ကြကြောင်း ရှင်းပြပါ။

အီဒိုခေတ် Edo(၁၆၀၃-၁၈၆၈)တွင် ဂျပန်နိုင်ငံ၌ စက္ကူချိုးခေါက်ခြင်းသည် အပန်းဖြေရေးနှင့် အခမ်းအနားပြင်ဆင်ခြင်းများအတွက် ပညာရပ်တစ်ခုဖြစ်လာခဲ့ကြောင်း ပြောပြပါ။

၁၇၉၇ ခုနှစ်တွင် Akisato Rito's Sembazura Orikata (Thousand cranes folding ) စာအုပ်ကို ရုပ်ပုံများနှင့် တကွ ပထမဦးဆုံးထုတ်ဝေခဲ့ကြောင်း ပုံ(၃)ကို ပြပြီး ရှင်းပြပါ။

**လေ့ကျင့်ခြင်း** ၂၅ မိနစ်

စက္ကူဖြင့် ပုံဖော်ထားသောပုံများနှင့် ပထမဆုံးအိုရီဂါမီစာအုပ်မှ ပုံအချို့ပါသော အိုရီဂါမီ သင်ခန်းစာသင်ထောက်ကူကားချပ်ကို ကျောင်းသားများလေ့လာနိုင်ရန် နံရံတွင် ချိတ်ဆွဲပြသပါ။

ထိုသို့လေ့လာရာတွင် အိုရီဂါမီသမိုင်းကြောင်းနှင့် ပထမဆုံးအိုရီဂါမီစာအုပ်မှ ခေါက်နည်းအချို့ကို လေ့လာရန် ဆရာက ပြောပြပါ။

ကျောင်းသားတစ်ဦးလျှင် A4 တစ်ရွက်ဝေပေးပါ။

ကျောင်းသားများက တစ်ဦးချင်းစီလေ့လာပြီး ရရှိသောမှတ်ချက်များကို အုပ်စုတွင်း ပြန်လည်ဆွေးနွေးကြရန် ပြောပြပါ။

တစ်အုပ်စုလျှင် A4 တစ်ရွက်ဝေပေးပါ။

အုပ်စုအမည်၊ အုပ်စုတွင်ပါဝင်သောသူများ၏ အမည်များကို ရေးစေပြီးနောက် ဘက်စာမျက်နှာတွင် အိုရီဂါမီအကြောင်း မှတ်သားမိသမျှကိုဖော်ပြ၍ ပထမဆုံးအိုရီဂါမီစာအုပ်အပေါ် မှတ်ချက်ပေးထားသည်များကို အုပ်စုတစ်စုစီက ရေးရန် ပြောပြပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ အိုရီဂါမီစက္ကူခေါက်ခြင်းအကြောင်းကို ပြောပြပါ။

၂။ ပထမဆုံးအိုရီဂါမီစာအုပ်အပေါ် မှတ်ချက်ရေးပါ။

လေ့ကျင့်ခြင်းမှရရှိသော အုပ်စု၏အဖြေစာရွက်များကို အောက်ပါအတိုင်းစစ်ဆေးပြီး အဆင့်သတ်မှတ်ပေးမည်။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A-အိုရီဂါမီစက္ကူခေါက်ခြင်းအကြောင်းကို ပြည့်စုံစွာ ပြောပြတတ်ခြင်း။

B-အိုရီဂါမီစက္ကူခေါက်ခြင်းအကြောင်းကို ပြောပြတတ်ခြင်း။

C-အိုရီဂါမီစက္ကူခေါက်ခြင်းအကြောင်းကို မပြောပြတတ်ခြင်း။

DBE BOX Copyright Protected

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A-ပထမဆုံး အိုရီဂါမီစာအုပ်အပေါ် မှတ်ချက်ကို ကျိုးကြောင်းခိုင်လုံစွာ ရေးနိုင်ခြင်း။

B-ပထမဆုံး အိုရီဂါမီစာအုပ်အပေါ် မှတ်ချက်ကို ရေးနိုင်ခြင်း။

C-ပထမဆုံး အိုရီဂါမီစာအုပ်အပေါ် မှတ်ချက်ကို မရေးနိုင်ခြင်း။

( စစ်ဆေးပြီးသောစာရွက်များကို သင်ခန်းစာ(၇) ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

သင်ထောက်ကူပစ္စည်း။ စက္ကူဖြင့် ပုံဖော်ထားသောပုံများနှင့် ပထမဆုံးအိုရီဂါမီစာအုပ်မှ ပုံအချို့ပါသော အိုရီဂါမီသင်ခန်းစာ သင်ထောက်ကူကားချပ်၊ A4 စာရွက်များ။

**စာသင်ချိန်(၂)**

**သင်ကြားခြင်း** ၁၀ မိနစ်

## (၇-၃) စက္ကူကို လက်တွေ့ချိုးခေါက်ခြင်း

အိုရီဂါမီ စက္ကူချိုးခေါက်ခြင်းကို လက်တွေ့ချိုးခေါက်နိုင်ရန် မူရင်းအိုရီဂါမီစာအုပ်တစ်အုပ်မှ ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၂၈) နှင့် (၂၉) တွင် လေ့လာကြရန် ပြောပြပါ။

**လေ့ကျင့်ခြင်း** ၃၀ မိနစ်

ဆရာက ကျောင်းသားတစ်ဦးလျှင် A4 ရောင်စုံစာရွက် ၂ ရွက်စီ ဝေပါ။

ကျောင်းသုံးစာအုပ်ပါစာမျက်နှာ (၂၈)၊ ပုံ (၄) တွင် ဖော်ပြထားသော ငှက်ရုပ်ချိုးခေါက်ခြင်း သင်ခန်းစာကို စတင်လေ့လာချိုးခေါက်ကြရန် ပြောပြပါ။

ပထမ ၅ မိနစ်တွင် သင်ခန်းစာရှိ ပုံအဆင့်ဆင့်ပြောင်းလဲသွားပုံကို လေ့လာရန် ပြောပြပါ။

ဆရာက ကျောင်းသားများ ပုံအဆင့်ဆင့်ပြောင်းလဲသွားပုံကို နားလည်သဘောပေါက်မှု ရှိ မရှိ အတန်းတွင်း လှည့်လည်စစ်ဆေးပါ။

ဒုတိယ ၁၀ မိနစ်တွင် ငှက်ရုပ်ချိုးခေါက်ရန် ပြောပြပါ။

ဆရာက ကျောင်းသားများ စက္ကူချိုးခေါက်ရာတွင် အဆင်ပြေစွာ ချိုးခေါက်နိုင်မှု ရှိ မရှိ အတန်းတွင်း လှည့်လည်စစ်ဆေးပါ။

ကျောင်းသုံးစာအုပ်ပါစာမျက်နှာ(၂၉)၊ ပုံ(၅)တွင် ဖော်ပြထားသော မီးပုံးချိုးခေါက်ခြင်း သင်ခန်းစာကို စတင်လေ့လာချိုးခေါက်ကြရန် ပြောပြပါ။

ပထမ ၅ မိနစ်တွင် သင်ခန်းစာရှိ ပုံအဆင့်ဆင့်ပြောင်းလဲသွားပုံကို လေ့လာရန် ပြောပြပါ။

DRE BOX - Copyright Protected

ဆရာက ကျောင်းသားများ ပုံအဆင့်ဆင့်ပြောင်းလဲသွားပုံကို နားလည်သဘောပေါက်မှု ရှိ မရှိ အတန်းတွင် လှည့်လည်စစ်ဆေးပါ။

ဒုတိယ ၁၀ မိနစ်တွင် မီးပုံးချိုးခေါက်ရန် ပြောပြပါ။

ဆရာက ကျောင်းသားများစက္ကူချိုးခေါက်ရာတွင် အဆင်ပြေစွာချိုးခေါက်နိုင်မှု ရှိ မရှိ အတန်းတွင်း လှည့်လည်စစ်ဆေးပါ။

ဆရာက ကျောင်းသားများချိုးခေါက်ပြီးသွားသောလက်ရာများတွင် မိမိတို့အမည်နှင့် အတန်းတို့ကို သင့်လျော်သောနေရာတွင် ရေးရန်ပြောပြပါ။

## ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း ၅ မိနစ်

DRE BOX Copyright Protected

၁။ အိုရီဂါမီ စက္ကူငှက်ရုပ်တစ်ရုပ် ချိုးခေါက်ပြပါ။

၂။ အိုရီဂါမီ စက္ကူမီးပုံးတစ်ခု ချိုးခေါက်ပြပါ။

လေ့ကျင့်ခြင်းမှ ရရှိသော ကျောင်းသားတစ်ဦးချင်း၏ လက်ရာများကို အောက်ပါအတိုင်း စစ်ဆေးပြီး အဆင့်သတ်မှတ်ပေးမည်။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A-အိုရီဂါမီ စက္ကူငှက်ရုပ်ကို သေသပ်လှပစွာ ချိုးခေါက်နိုင်ခြင်း။

B-အိုရီဂါမီ စက္ကူငှက်ရုပ်ကို ချိုးခေါက်နိုင်ခြင်း။

C-အိုရီဂါမီ စက္ကူငှက်ရုပ်ကို မချိုးခေါက်နိုင်ခြင်း။

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A-အိုရီဂါမီ စက္ကူမီးပုံးကို သေသပ်လှပစွာ ချိုးခေါက်နိုင်ခြင်း။

B-အိုရီဂါမီ စက္ကူမီးပုံးကို ချိုးခေါက်နိုင်ခြင်း။

C-အိုရီဂါမီ စက္ကူမီးပုံးကို မချိုးခေါက်နိုင်ခြင်း။

(စစ်ဆေးပြီးသောလက်ရာများကို ဗီရို သို့မဟုတ် ပုံးတစ်ခုတွင် သိမ်းဆည်းပါ။)

သင်ထောက်ကူပစ္စည်း။ ရောင်စုံ A4 စာရွက်များ။

**အနှစ်ချုပ်အဓိကအချက်**

- အိုရီဂါမီဆိုသည်မှာ စက္ကူချပ်မှ အရုပ်များ၏ ပုံသဏ္ဌာန်များသို့ အသွင်ကူးပြောင်းစေရန် ချိုးခေါက်ပြီး ပုံဖော်ဖန်တီးခြင်းဖြစ်သည်။

## ၈ မြန်မာရိုးရာပန်းချီ (Myanmar Traditional Art)

### သင်ခန်းစာရည်ရွယ်ချက်များ

စာသင်ချိန် ၂ ချိန်၊ တစ်ချိန် ၄၅ မိနစ်

- မြန်မာရိုးရာပန်းချီအကြောင်း ရှင်းပြတတ်ရန်
- မြန်မာရိုးရာပန်းချီနည်းဖြင့်ဆွဲထားသောပုံများကို ရှာဖွေပြီး အမျိုးအစားများကို ခွဲခြားပြတတ်ရန်

### သင်ခန်းစာမိတ်ဆက်ခြင်း

၅ မိနစ်

တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် ကျား၊ မ မျှ၍ အုပ်စုများဖွဲ့ပြီး မျက်နှာချင်းဆိုင်ထိုင်စေမည်။

အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် မြန်မာရိုးရာပန်းချီအကြောင်း လေ့လာသင်ကြားကြရမည်။

မြန်မာရိုးရာပန်းချီဆိုသည်မှာ အဘယ်နည်းဟုမေးပါ။

အုပ်စုတွင်း ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်က ဖြေကြားမည်။

အုပ်စုကိုယ်စားလှယ်ကျောင်းသားများ၏အဖြေကို ဆရာက မှတ်တမ်းတင်ပါ။

မြန်မာရိုးရာပန်းချီဆိုသည်မှာ မြန်မာတိုင်းရင်းသားတို့ အစဉ်အဆက်ရေးဆွဲခဲ့သော ပန်းချီကို ဆိုလိုကြောင်း ပြောပြပါ။

**စာသင်ချိန်(၁)**

### သင်ကြားခြင်း

၁၅ မိနစ်

**(၈-၁) စတင်ချိန်**

မြန်မာနိုင်ငံ၌ သမိုင်းမတင်မီ ကျောက်ခေတ်ကပင် ပန်းချီလက်ရာများကို တွေ့ရှိခဲ့သည်။ ပုဂံပြည်တည်ထောင်ပြီးနောက် "ပုဂံသားယဉ်ကျေးမှု" ပေါ်ထွန်းလာချိန်တွင် မြန်မာပန်းချီသည် မြန်မာတို့၏ မူပိုင်ဟန်ဖြစ်လာ၍ မြန်မာပန်းချီအစ ပုဂံကဟု ဆိုနိုင်ကြောင်း ပြောပြပါ။

**(၈-၂) အသုံးပြုသောပစ္စည်းများနှင့် ပန်းချီအမျိုးအစားများ**

မြန်မာရိုးရာပန်းချီတွင် အသုံးပြုသောပစ္စည်းများပေါ်မူတည်ပြီး ပန်းချီအမျိုးအစားများဖြစ်ပေါ်လာသည်။ အထူးသဖြင့် ပေရေးပန်းချီ၊ ယွန်းပန်းချီ၊ သစ်ရေးပန်းချီ၊ အဝတ်ရေးပန်းချီနှင့်ပုရပိုက်ပန်းချီများစသည်တို့ဖြစ်သည်။

ပေပင်မှ ရသောပေရွက်ပေါ်တွင် ကညစ်ဖြင့်ရေးရသော ပေရေးပန်းချီ၊ ရေတမာသား၊ ဒီးဒူးသားတို့ဖြင့်ပြုလုပ်ပြီး လွှစာမှုန့်နှင့် သစ်စေးရောသုတ်လိမ်းကာ ကညစ်ဖြင့်ရေးခြစ်၍ ဆေးရောင်ဖြည့်ထည့်သော ယွန်းပန်းချီ၊ ပလ္လင်၊ တံကဲ၊ တံခါးစသည်တို့တွင် ရုပ်လုံးကြွသစ်သားပန်းပုများကို ဆေးခြယ်ရသော သစ်ရေးပန်းချီ၊ အဆောက်အအုံနံရံတို့၌ ရေးဆွဲသော နံရံဆေးရေးပန်းချီ၊ ချည်အဝတ်စပေါ်တွင် တိုက်ရိုက်ရေးခြယ်ခြင်းနှင့် ရုပ်တုများတွင် အဝတ်စကပ်ပြီးမှ ဆေးရေးခြယ်သော အဝတ်ရေးပန်းချီတို့ကို ပုဂံခေတ်မှသည် ညောင်ရမ်းခေတ်အထိ အသုံးပြုရေးဆွဲခဲ့ကြသည်။

DBE BOX - Copyright Protected

အင်းဝခေတ်တွင် ဂုံစက္ကူပေါ်၌ရေးဆွဲသော ပုရပိုက်ပန်းချီနှင့် ဝါးဖြင့်ရက်လုပ်ပြီး နွားချေး သရိုးခံ(လိမ်းကျံ)၍ ခြောက်လျှင် သစ်စေးကို ထပ်မံလိမ်းကျံပြီး သံကညစ်ဖြင့်ခြစ်ကာ ဆေးဖြည့်သော ယွန်းပန်းချီများကို ရေးဆွဲခဲ့ကြကြောင်းပြောပြပါ။

**လေ့ကျင့်ခြင်း** ၂၀ မိနစ်

ကျောင်းသားတစ်ဦးလျှင် A4 တစ်ရွက်ဝေပေးပါ။

မြန်မာရိုးရာပန်းချီသင်ခန်းစာသင်ထောက်ကူကားချပ်ကို နံရံတွင် ချိတ်ဆွဲပြပြီး ပန်းချီကား အမျိုးအစားများကို လေ့လာကြရန် ပြောပြပါ။

ထိုသို့လေ့လာရာတွင် အသုံးပြုထားသောပစ္စည်း၊ အရောင်အသွေး၊ ရေးဆွဲသောအကြောင်း အရာနှင့် ဖန်တီးမှုတို့ကို လေ့လာရန် ဆရာက ပြောပြပါ။

ကျောင်းသားများက တစ်ဦးချင်းစီလေ့လာပြီး ရရှိသောမှတ်ချက်များကို အုပ်စုတွင်းပြန်လည် ဆွေးနွေးရန် ပြောပြပါ။

တစ်အုပ်စုလျှင် A4 တစ်ရွက်ဝေပေးပါ။

အုပ်စုအမည်နှင့် အုပ်စုတွင်ပါဝင်သောသူများ၏ အမည်များကို ရေးစေပြီး နောက်ဘက်စာမျက်နှာ တွင် မြန်မာရိုးရာပန်းချီအကြောင်း မှတ်သားမိသမျှကိုဖော်ပြ၍ အသုံးပြုသောပစ္စည်းနှင့်ပန်းချီ အမျိုးအစားများအပေါ် မှတ်ချက်ပေးထားသည်များကို အုပ်စုတစ်စုစီကရေးရန် ပြောပြပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ မြန်မာရိုးရာပန်းချီအကြောင်း ပြောပြပါ။

၂။ မြန်မာရိုးရာပန်းချီတွင် အသုံးပြုသောပစ္စည်းနှင့် အမျိုးအစားများကို မှတ်ချက်ပြုဆွေးနွေးပါ။

အုပ်စုလိုက် ရှင်းပြချက်နှင့်မှတ်ချက်များကို အောက်ပါအတိုင်းစစ်ဆေးပြီး အဆင့်သတ်မှတ် ပေးမည်။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A-မြန်မာရိုးရာပန်းချီအကြောင်း ပြည့်စုံစွာရှင်းပြနိုင်ခြင်း။

B-မြန်မာရိုးရာပန်းချီအကြောင်း ရှင်းပြနိုင်ခြင်း။

C-မြန်မာရိုးရာပန်းချီအကြောင်း မရှင်းပြနိုင်ခြင်း။

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A-အသုံးပြုပစ္စည်းများနှင့် အမျိုးအစားများကို ကျိုးကြောင်းပြပြီး မှတ်ချက်ပြုဆွေးနွေးနိုင်ခြင်း။

B-အသုံးပြုပစ္စည်းများနှင့် အမျိုးအစားများကို မှတ်ချက်ပြုဆွေးနွေးနိုင်ခြင်း။

C-အသုံးပြုပစ္စည်းများနှင့် အမျိုးအစားများကို မှတ်ချက်ပြု မဆွေးနွေးနိုင်ခြင်း။

DBE BOX - Copyright Protected

(စစ်ဆေးပြီးသောစာရွက်များကို သင်ခန်းစာ(၈) ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

သင်ထောက်ကူပစ္စည်း။ မြန်မာရိုးရာပန်းချီသင်ခန်းစာသင်ထောက်ကူကားချပ်၊ A4 စာရွက်များ။

**စာသင်ချိန်(၂)**

**သင်ကြားခြင်း** ၁၅ မိနစ်

**(၈-၃) မြန်မာရိုးရာပန်းချီရေးနည်းများ**

မြန်မာရိုးရာပန်းချီတွင် ကနုတ်၊ ကပိ၊ ဂဇာ၊ နာရီဟူ၍ ရေးနည်း ၄ မျိုးရှိကြောင်း ပြောပြပါ။

မြန်မာရိုးရာပန်းချီသင်ခန်းစာသင်ထောက်ကူကားချပ်ကို ပြပြီး ကနုတ်ဆိုသည်မှာ မဂဓစကား ကောကနုဒမှ ကုမုဒ၊ ကုမုဒမှ ပါဠိစကား ကုမုဒြ(ကြာမျိုးငါးပါးမှ တစ်မျိုး၏အမည်)၊ ကုမုဒြမှ ကနုတ သို့ပြောင်းလဲပြီး မြန်မာဝေါဟာရ ကနုတ်သို့ ရွေ့လျောလာသည်ဟုဆိုသည်။ ကြာရိုး၊ ကြာစွယ်၊ ကြာရွက်၊ ကြာဖူး၊ ကြာပွင့်နှင့် ကြာဝတ်ဆံတို့ကို ပုံစံယူ၍ ကွေးကော့လိမ်တွန့်ကာ အဆန်းတကြယ် ရေးဆွဲခြင်းဖြစ်သည်။

ကပိဆိုသည်မှာ ပါဠိစကားဖြစ်ပြီး မျောက်ဟုအဓိပ္ပာယ်ရသည်။ နရား၊ နဂါး၊ ကိန္နရာ၊ ဟင်္သာ၊ မနုဿီဟ၊ ခြင်္သေ့၊ မျောက်စသော တိရစ္ဆာန်ပုံများနှင့် ကြမ်းတမ်းသောဂဠုန်၊ ဘီလူးပုံများကို ကနုတ်ပန်းများဖြင့် တန်ဆာဆင်ရေးဆွဲခြင်းဖြစ်သည်။

ဂဇာဆိုသည်မှာ ပါဠိစကား ဂဇ မှလာပြီး ဆင်ဟု အဓိပ္ပာယ်ရသည်။ မြို့ရိုး၊ နန်းတော်စသော ထုထည်ကြီးမားသည့်အဆောက်အအုံပုံများတွင် ကနုတ်ပန်းများဖြင့် ရေးဆွဲခြင်းဖြစ်သည်။

နာရီဆိုသည်မှာပါဠိစကားဖြစ်ပြီး လူမိန်းမဟု အဓိပ္ပာယ်ရသည်။ လူ၊ နတ်၊ ဗြဟ္မာ၊ မင်းသား၊ မင်းသမီး စသောနူးညံ့ပျော့ပျောင်း နွဲ့နှောင်းသည့်ပုံများကို မျဉ်းကောက်များဖြင့် ရေးဆွဲပုံဖော်ခြင်း ဖြစ်ကြောင်း ပြောပြပါ။

DBE BOX - Copyright Protected

**လေ့ကျင့်ခြင်း** ၂၅ မိနစ်

ကျောင်းသားတစ်ဦးလျှင် A4 တစ်ရွက်ဝေပေးပါ။

မြန်မာရိုးရာပန်းချီရေးနည်းများပုံကိုဖော်ပြထားသည့် ကျောင်းသုံးစာအုပ်စာမျက်နှာ (၃၂)နှင့် (၃၃)ရှိ ပုံများကို ပြပြီး သို့မဟုတ် မြန်မာရိုးရာပန်းချီသင်ခန်းစာ သင်ထောက်ကူကားချပ်တစ်ခုကို ပြလုပ်ပြီး နံရံတွင် ချိတ်ဆွဲပြ၍ ကျောင်းသားများကို လေ့လာကြရန် ပြောပြပါ။

ထိုသို့လေ့လာရာတွင် မြန်မာရိုးရာပန်းချီ ၄ မျိုး၏ အဓိပ္ပာယ်နှင့် ၎င်းရေးနည်းများတွင်ပါဝင်သောပုံများ၏ ပတ်သက်ဆက်နွှယ်မှုကို လေ့လာရန် ဆရာက ပြောပြပါ။

ကျောင်းသားများက တစ်ဦးချင်းစီလေ့လာပြီး ရရှိသောမှတ်ချက်များကို အုပ်စုတွင်းပြန်လည်

ဆွေးနွေးရန် ပြောပြပါ။

တစ်အုပ်စုလျှင် A4 တစ်ရွက်ဝေပေးပါ။

အုပ်စုအမည်နှင့် အုပ်စုတွင်ပါဝင်သောသူများ၏ အမည်များကို ရေးစေပြီး နောက်ဘက်စာမျက်နှာတွင် မြန်မာရိုးရာပန်းချီရေးနည်း ၄ မျိုး၏ အဓိပ္ပာယ်နှင့် ၎င်းရေးနည်းများတွင် ပါဝင်သောပုံများ၏ ပတ်သက်ဆက်နွှယ်မှုမှတ်ချက်များကို အုပ်စုတစ်စုစီက ရေးရန် ပြောပြပါ။

ပြီးနောက် အုပ်စုလိုက်ရေးထားသောမှတ်ချက်ကို အုပ်စုခေါင်းဆောင်များက အတန်းရှေ့တွင် တင်ပြခြင်းပြုလုပ်ရန် ပြောပြပါ။

(သင်ကြားမှုများပြီးဆုံးလျှင် မြန်မာရိုးရာပန်းချီပုံများစုဆောင်းခြင်း သို့မဟုတ် အင်တာနက်မှ စုဆောင်းခြင်းများပြုလုပ်ပြီး ရေးနည်းများကို ခွဲခြားပြခြင်းလုပ်ငန်းကို အချိန်ပေးပြီး ပုံပြစာစောင် တင်ရန် မှာကြားပါ။)

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**　　၅ မိနစ်

၁။ မြန်မာရိုးရာပန်းချီရေးနည်း ၄ မျိုးအကြောင်း ပြောပြပါ။

၂။ မြန်မာရိုးရာပန်းချီကားများကို စုဆောင်းပြီး ရေးနည်းများကို ခွဲခြားပြပါ။

လေ့ကျင့်ခြင်းမှရရှိသော အုပ်စုအသီးသီး၏ စာရွက်များနှင့် ပုံပြစာစောင်ကို အောက်ပါအတိုင်း စစ်ဆေးပြီး အဆင့်သတ်မှတ်ပေးမည်။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A-မြန်မာရိုးရာပန်းချီရေးနည်း ၄ မျိုးအကြောင်း ပြည့်စုံစွာ ပြောပြတတ်ခြင်း။

B-မြန်မာရိုးရာပန်းချီရေးနည်း ၄ မျိုးအကြောင်း ပြောပြတတ်ခြင်း။

C-မြန်မာရိုးရာပန်းချီရေးနည်း ၄ မျိုးအကြောင်း မပြောပြတတ်ခြင်း။

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A-မြန်မာရိုးရာပန်းချီကားများကို စုဆောင်းပြီး ရေးနည်းအမျိုးအစားများကို ခွဲခြားပြတတ်ခြင်း။

B-မြန်မာရိုးရာပန်းချီကားများကို စုဆောင်းပြီး အနည်းငယ်သာ ခွဲခြားပြတတ်ခြင်း။

C-မြန်မာရိုးရာပန်းချီကားများကို စုဆောင်းပြီး ရေးနည်းအမျိုးအစားများကို ခွဲခြားမပြတတ်ခြင်း။

(စစ်ဆေးပြီးသောစာရွက်များကို သင်ခန်းစာ(၈)၊ ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

သင်ထောက်ကူပစ္စည်း။ မြန်မာရိုးရာပန်းချီသင်ခန်းစာသင်ထောက်ကူကားချပ်၊ A4 စာရွက်များ။

**အနှစ်ချုပ်အဓိကအချက်**

- မြန်မာရိုးရာပန်းချီအမျိုးအစားများမှာ ပေရေး၊ ယွန်း၊ သစ်ရေး၊ နံရံဆေးရေး၊ အဝတ်ရေး၊ ပုရပိုက်စသည့် ပန်းချီတို့ဖြစ်သည်။ ရေးနည်းများမှာ ကနုတ်၊ ကပီ၊ ဂဇာနှင့် နာရီတို့ဖြစ်ကြသည်။

DBEBOOK - Copyright Protected

## ၉ မြေထည် (Earthenware) စာသင်ချိန် ၂ ချိန်၊ တစ်ချိန် ၄၅ မိနစ်

### သင်ခန်းစာရည်ရွယ်ချက်များ

- မြေထည်အကြောင်းနှင့် မြေထည်ပြုလုပ်ပုံအဆင့်များကို ရှင်းလင်းပြောပြတတ်ရန်
- ပီကာဆို၏ မြေထည်များအကြောင်းကို ထင်မြင်ချက်ပေး ဆွေးနွေးတတ်ရန်

### သင်ခန်းစာမိတ်ဆက်ခြင်း ၅ မိနစ်

တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် ကျား၊ မ မျှ၍ အုပ်စုများဖွဲ့ပြီး မျက်နှာချင်းဆိုင်ထိုင်စေမည်။

အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် မြေထည်လုပ်ငန်းအကြောင်း သင်ကြားကြရမည်ဖြစ်ကြောင်းပြောပြပါ။

မြေထည်ဆိုသည်မှာ အဘယ်နည်းဟု မေးပါ။

အုပ်စုတွင်းဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်က ဖြေကြားမည်။

အုပ်စုကိုယ်စားလှယ်ကျောင်းသားများ၏အဖြေကို ဆရာက မှတ်တမ်းတင်ပါ။

မြေထည်ဆိုသည်မှာ ရွှံ့ သို့မဟုတ် မြေကြီးဖြင့် ပုံစံအမျိုးမျိုးပုံဖော်ပြီး စဥ့်ရည်၊ ကြွေရည် မသုတ်ဘဲ မီးဖုတ်ထားသည့် လူအသုံးအဆောင်ပစ္စည်းများကို ဆိုလိုကြောင်း ရှင်းပြပါ။

**စာသင်ချိန်(၁)**

### သင်ကြားခြင်း ၁၅ မိနစ်

## (၉-၁) မြန်မာမြေထည်ပစ္စည်းသမိုင်း

ပျူခေတ်မှ လက်စင်းရာပါအုတ်ချပ်များကို မြန်မာနိုင်ငံအတွင်းအရှေ့ဘက်ဆုံး ရွှေညောင်မြို့မှ အနောက်ဘက်ဆုံး ဝေသာလီမြို့အထိ၊မြောက်ဘက်ဆုံးတကောင်းမြို့မှ တောင်ဘက်ဆုံးထားဝယ်မြို့အထိတွေ့ရှိရကြောင်း ပြောပြပါ။

ကြေးခေတ်လက်ရာမြေအိုးမြေခွက်များကို ညောင်ကန်၊ ရမည်းသင်း၊ နေပြည်တော်တပ်ကုန်း၊ သာစည်နှင့် မိတ္ထီလာတို့၌ တွေ့ရှိရကြောင်းပြောပြပါ။

ဗိဿနိုးမြို့ဟောင်းတူးဖော်ရာတွင် အရိုးအိုး၊ ရေအိုး၊ ချက်ပြုတ်အိုး၊ လည်တံရှည်အိုး၊ ရေသွန်းကရား၊ သပိတ်၊ ဆီမီးခွက်နှင့် ရုပ်ဒိုးတို့ကို တွေ့ရှိရပြီး အချို့ပစ္စည်းမျက်နှာပြင်များအပေါ်တွင် သီရိဝစ္ဆ (ကျက်သရေရှိသောအိမ်) ပုံနှင့် ငါးကြင်းပုံများပါရှိသည်။

ဟန်လင်းမြို့ဟောင်းတူးဖော်ရာတွင် ရေအိုး၊ ပန်းကန်၊ အင်တုံ၊ ချက်ပြုတ်အိုး၊ ပန်းကန်လုံး၊ သောက်ရေခွက်၊ မြေပုတီးစေ့နှင့် ဆီမီးခွက်များတွေ့ရှိရပြီး အချို့ပစ္စည်းများမျက်နှာပြင်ပေါ်တွင် လူပုံ၊ ဒေါင်း၊ သီရိဝစ္ဆ၊ ခရုသင်း၊ ဘဒ္ဒပိဌ (ပလ္လင်ပုံ) နှင့် ငါးပုံများတွေ့ရှိရသည်။

သရေခေတ္တရာမြို့ဟောင်းကိုတူးဖော်ရာတွင် အုတ်ခွက်ဘုရားများ၊ နှုတ်သီးပါအိုး၊ ပန်းအိုး၊ သပိတ်၊ လက်ကိုင်ဘုပါစလောင်းဖုံးနှင့် အုတ်ကြွပ်ပြားများတူးဖော်ရရှိသည်။

DBE BOX Copyright Protected

ယခုအခါ မြန်မာနိုင်ငံတွင် မြေထည်လုပ်ငန်းသည် စရိတ်ကြီးမားပြီး ဝင်ငွေနည်းသောကြောင့် ပညာရှင်များနည်းပါးပျောက်ကွယ်လာပြီဖြစ်ကြောင်း ပြောပြပါ။

## (၉–၂) ကမ္ဘာမြေထည်ပစ္စည်းသမိုင်း

ပုံ (၂) နှင့် ပုံ (၃) သို့မဟုတ် မြေထည်သင်ခန်းစာသင်ထောက်ကူကားချပ်ကိုပြပြီး တရုတ်နှင့် ဂရိစသောနိုင်ငံများတွင် မြေထည်ပစ္စည်း အထောက်အထားများတွေ့ရှိရကြောင်း ပြောပြပါ။

## (၉–၂–၁) ပီကာဆို Pablo Picasso (1881-1973) ၏ မြေထည်ပြပွဲ

ပုံ(၄) သို့မဟုတ် မြေထည်သင်ခန်းစာသင်ထောက်ကူကားချပ်မှ ပါဘလိုပီကာဆိုပုံကိုပြပြီး ၎င်းကို စပိန်နိုင်ငံ မလာဂါမြို့၌ မွေးဖွားခဲ့သည်။ သူသည် ပန်းချီကျော်တစ်ဦးလည်းဖြစ်ကြောင်း ပြောပြပါ။ ပီကာဆိုသည် ဒုတိယကမ္ဘာစစ်ပြီးချိန်တွင် ပြင်သစ်နိုင်ငံတောင်ပိုင်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့ပြီး မြေထည်လုပ်ငန်းလုပ်ကိုင်ခဲ့သည်။ ၎င်းသည် နာမည်ကျော် မက်ဒိုရာမြေအိုးများကို ရောမခေတ်မြေအိုးများပြုလုပ်ခဲ့ရာဒေသဖြစ်သော မာလာဝီမြို့တွင်စတင်ပြုလုပ်ခဲ့သည်။ သူသည် ရှေးအလယ်အလတ်ခေတ်ပုံစံ မြေထည်များကိုပြုလုပ်ရန် စိတ်ကူးအကြံဉာဏ်ရခဲ့ပြီး စမ်းသပ်ရှာဖွေခဲ့ရာမှ မြေထည်လက်ရာများတွင်ပါ နာမည်ကျော်ကြားခဲ့ကြောင်း ပြောပြပါ။

ပုံ (၅) သို့မဟုတ် မြေထည်သင်ခန်းစာသင်ထောက်ကူကားချပ်ပါပီကာဆို၏ မြေထည်လက်ရာများပုံကို ပြပြီး ၂၀၁၉ခုနှစ်၊ မေလတွင် ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်မြို့၏ မြောက်ပိုင်း ၃၅ ကီလိုမီတာအကွာအဝေးရှိ လူးဝစ်စီယားနားမော်ဒန်အနုပညာပြတိုက်တွင် ပြတိုက်၏နှစ် ၆၀ ပြည့်အထိမ်းအမှတ်အဖြစ် ပီကာဆို၏ မြေထည်လက်ရာများကို ပြသခဲ့ကြောင်း ပြောပြပါ။ ထိုပြပွဲ၌ ပါရီမြို့ရှိ ပီကာဆိုပြတိုက်နှင့် စပိန်နိုင်ငံ၊ ဘာစီလိုနားမြို့ရှိပြတိုက်များမှ ပီကာဆိုပြုလုပ်ခဲ့သည့် လက်ရာများအပြင် ၎င်း၏မိသားစုများထံမှ သူ၏လက်ရာများကိုပါ ပြသခဲ့သည်။ ပြပွဲအကြိုဖွင့်ပွဲကို ရောက်လာသော ပီကာဆို၏မြေးဖြစ်သူက "အဘိုးရဲ့အနှစ် ၂၀အတွင်း လက်ရာများ ဘယ်လိုတိုးတက်လာသလဲဆိုတာကို ပြသနိုင်ခဲ့ပါတယ်"ဟုဆိုသည်။ ဆက်လက်၍ ၎င်းကပြောကြားသည်မှာ ပြပွဲတွင် ပီကာဆိုပြုလုပ်ထားသော မြေအိုးလက်ရာ ၂၀၀ ကျော်ပြသနိုင်ခဲ့ပြီး ပညာရှင်များ ကြိုးစားလေ့လာမှုများကြောင့်သာ အဘိုးဖြစ်သူ ပီကာဆို၏ နှစ်ပေါင်း ၂၀ အတွင်း ဖန်တီးခဲ့သော အနုပညာလက်ရာများကို ပြသနိုင်ခဲ့သည်ဟု ပြောခဲ့ကြောင်း ပြောပြပါ။

**လေ့ကျင့်ခြင်း** **၂၀ မိနစ်**

ကျောင်းသားတစ်ဦးလျှင် A4 တစ်ရွက်ဝေပေးပါ။

မြေထည်သင်ခန်းစာသင်ထောက်ကူကားချပ်ကို နံရံတွင် ချိတ်ဆွဲပြပြီး ကျောင်းသားများကို လေ့လာကြရန် ပြောပြပါ။

မြန်မာမြေထည်များအကြောင်းနှင့် ပီကာဆို၏ မြေထည်များကို လေ့လာရာတွင် မြေထည်

DHL BOX Copyright Protected

များ၏ ပုံသဏ္ဌာန်နှင့် အနုပညာရှုထောင့်အရ လေ့လာရန် ဆရာက ပြောပြပါ။

ကျောင်းသားများက တစ်ဦးချင်းစီလေ့လာပြီး ရရှိသောမှတ်ချက်များကို အုပ်စုတွင်းပြန်လည်ဆွေးနွေးရန် ပြောပြပါ။

တစ်အုပ်စုလျှင် A4 တစ်ရွက်ဝေပေးပါ။

အုပ်စုအမည်နှင့် အုပ်စုတွင်ပါဝင်သောသူများ၏ အမည်များကို ရေးစေပြီး နောက်ဘက်စာမျက်နှာတွင် မြန်မာနှင့် ကမ္ဘာမြေထည်များအကြောင်းမှတ်သားမိသမျှကို ဖော်ပြ၍ ပီကာဆို၏ မြေထည်များနှင့်ပတ်သက်၍ မှတ်ချက်ပေးထားသည်များကို အုပ်စုတစ်စုစီက ဆွေးနွေးပြီး ရေးရန် ပြောပြပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ မြေထည်အကြောင်းကို ရှင်းလင်းပြောပြပါ။

၂။ ပီကာဆို၏ မြေထည်များအကြောင်းကို ထင်မြင်ချက်ပေး ဆွေးနွေးပါ။

အုပ်စုလိုက် ရှင်းပြချက်နှင့် မှတ်ချက်များကို အောက်ပါအတိုင်းစစ်ဆေးပြီး အဆင့်သတ်မှတ်ပေးမည်။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A-မြေထည်အကြောင်း ပြည့်စုံစွာ ရှင်းလင်းပြောပြနိုင်ခြင်း။

B-မြေထည်အကြောင်း ရှင်းလင်းပြောပြနိုင်ခြင်း။

C-မြေထည်အကြောင်း ရှင်းလင်း မပြောပြနိုင်ခြင်း။

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A-ပီကာဆို၏ မြေထည်များအကြောင်းကို ကျိုးကြောင်းပြပြီး ထင်မြင်ချက်ပေးဆွေးနွေးတတ်ခြင်း။

B-ပီကာဆို၏ မြေထည်များအကြောင်းကို ထင်မြင်ချက်ပေးဆွေးနွေးတတ်ခြင်း။

C-ပီကာဆို၏ မြေထည်များအကြောင်းကို မဆွေးနွေးတတ်ခြင်း။

(စစ်ဆေးပြီးသောစာရွက်များကို သင်ခန်းစာ(၉) ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

သင်ထောက်ကူပစ္စည်း။ မြေထည်သင်ခန်းစာသင်ထောက်ကူကားချပ်၊ A4 စာရွက်များ။

DBE BOOK Copyright Protected

**စာသင်ချိန်(၂)**

**သင်ကြားခြင်း** ၁၅ မိနစ်

## (၉-၃) မြေထည်ပစ္စည်းပြုလုပ်ပုံ

ပုံ (၆) သို့မဟုတ် မြေထည်သင်ခန်းစာသင်ထောက်ကူကားချပ်ကိုပြပြီး ရွှံ့စေးပြုလုပ်မည့် မြေထဲတွင်ရှိသော ခဲနှင့် အမှိုက်များကို သန့်စင်၍ လေမခိုစေရန်နှင့် စေးလာစေရန် လက် သို့မဟုတ် ခြေဖြင့် နယ်ရသည်။ လိုချင်သောပုံရရှိအောင် စက် သို့မဟုတ် လက်ဖြင့် ပုံဖော်ပြီး လေသလပ်ခံ၍ ၂ ရက်ခန့် လေလုံခန်းထဲတွင်ထားရသည်။ (ခြောက်သွေ့သွားသော မြေထည်ပေါ်တွင် ဒီဇိုင်းပုံများ

ဖော်နိုင်သည်။) ထို့နောက် ဖိုတွင်ထည့်ကာ တဖြည်းဖြည်းအပူချိန်မြင့်၍ အပူပေးရသည်။ အပူချိန်များလာလေလေ ပိုမိုသိပ်သည်း မာကျောလာလေလေဖြစ်သည်။ အပူပေးရာတွင်မီးညီစွာ အပူပေးမှသာ အက်ကွဲမှုနည်းပြီး မြေထည်ကိုခိုင်ခံ့စေသည်။ မီးပေးပြီးမြေထည်များကို ရေးဆွဲဆေးခြယ်နိုင်ကြောင်း ပြောပြပါ။

**လေ့ကျင့်ခြင်း** ၂၅ မိနစ်

ဆရာက ကျောင်းသားတစ်ဦးလျှင် A4 စာရွက်တစ်ရွက်စီနှင့် ရွှံ့စေး ၅၀ ကျပ်သားစီဝေပါ။

ပထမ ၁၀ မိနစ်တွင် မြေထည်လုပ်နည်းအဆင့်ဆင့်ကို ရေးရန် ပြောပြပါ။

ဒုတိယ ၁၅ မိနစ်တွင် ကျောင်းသားတစ်ဦးချင်းနှစ်သက်ရာမြေထည်တစ်ခုကို ပြုလုပ်စေပြီး မီးဖုတ်သောအဆင့်ကို ပြုလုပ်ရန်မလိုကြောင်း ရှင်းပြပါ။

ထို့နောက် ပြုလုပ်နည်းစာရွက်နှင့် မြေထည်လက်ရာများကို အမည်ရေးပြီး အပ်ရန် ပြောပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ မြေထည်ပြုလုပ်ခြင်းအဆင့်ဆင့်ကို ပြောပြပါ။

၂။ နှစ်သက်ရာမြေထည်တစ်ခုကို ပုံဖော်ပါ။

လေ့ကျင့်ခြင်းမှရရှိသော ကျောင်းသားတစ်ဦးချင်း၏အဖြေစာရွက်များနှင့် လက်ရာများကို အောက်ပါအတိုင်း စစ်ဆေးပြီး အဆင့်သတ်မှတ်ပေးမည်။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A-မြေထည်ပြုလုပ်ခြင်းအဆင့်ဆင့်ကို ပြည့်စုံစွာ ပြောပြနိုင်ခြင်း။

B-မြေထည်ပြုလုပ်ခြင်းအဆင့်ဆင့်ကို ပြောပြနိုင်ခြင်း။

C-မြေထည်ပြုလုပ်ခြင်းအဆင့်ဆင့်ကို မပြောပြနိုင်ခြင်း။

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A-နှစ်သက်ရာမြေထည်တစ်ခုကို လှပသပ်ရပ်စွာ ပြုလုပ်တတ်ခြင်း။

B-နှစ်သက်ရာမြေထည်တစ်ခုကို ပြုလုပ်တတ်ခြင်း။

C-နှစ်သက်ရာမြေထည်တစ်ခုကို မပြုလုပ်တတ်ခြင်း။

(စစ်ဆေးပြီးသောစာရွက်များကို သင်ခန်းစာ(၉)၊ ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

သင်ထောက်ကူပစ္စည်း။ မြေထည်သင်ခန်းစာသင်ထောက်ကူကားချပ်၊ A4 စာရွက်များနှင့် ရွှံ့စေး ၅၀ကျပ်သား။

**အနှစ်ချုပ်အဓိကအချက်**

- မြေထည်ဆိုသည်မှာ ရွှံ့ သို့မဟုတ် မြေကြီးဖြင့် ပုံစံအမျိုးမျိုးပုံဖော်ပြီး စဥ့်ရည်၊ကြွေရည်မသုတ်ဘဲ မီးဖုတ်ထားသည့် လူအသုံးအဆောင်ပစ္စည်းများကို ဆိုလိုသည်။

DPF BOX Copyright Protected

## ၁၀ ပါတိတ်ပန်းချီ (Batik Art) စာသင်ချိန် ၂ ချိန်၊ တစ်ချိန် ၄၅ မိနစ်

### သင်ခန်းစာရည်ရွယ်ချက်များ

- ပါတိတ်ပန်းချီအကြောင်းနှင့် ပါတိတ်ပန်းချီအဆင့်ဆင့်ရေးခြယ်ပုံကို ရှင်းလင်းပြတတ်ရန်
- နှစ်သက်ရာ ပါတိတ်ပန်းချီတစ်ပုံကို ဖန်တီးရေးဆွဲပြပြီး အမည်ပေးတတ်ရန်

### သင်ခန်းစာမိတ်ဆက်ခြင်း ၅ မိနစ်

တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် ကျား၊ မ မျှ၍ အုပ်စုများဖွဲ့ပြီး မျက်နှာချင်းဆိုင်ထိုင်စေမည်။

အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် ပါတိတ်ပန်းချီအကြောင်း လေ့လာကြရမည်ဖြစ်သည်။ ပါတိတ်ပန်းချီဆိုသည်မှာ ပန်းချီပညာနှင့် လက်မှုပညာပူးပေါင်းပြီး အဝတ်တွင် ရေးသောပန်းချီတစ်မျိုးဖြစ်သည်။

အဝတ်တွင် ရေးထားသောပန်းချီကို မြင်ဖူးပါသလားဟု မေးပါ။

အုပ်စုတွင်း ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်က ဖြေကြားမည်။

အုပ်စုကိုယ်စားလှယ်ကျောင်းသားများ၏အဖြေကို ဆရာက မှတ်တမ်းတင်ပါ။

**စာသင်ချိန်(၁)**

### သင်ကြားခြင်း ၁၀ မိနစ်

### (၁၀-၁) ပါတိတ်ပန်းချီသမိုင်း

ပုံ(၁) သို့မဟုတ် ပါတိတ်ပန်းချီသင်ခန်းစာသင်ထောက်ကူကားချပ်ကို ပြပြီး ပါတိတ်ပန်းချီကို အရှေ့ဖျားပိုင်းဒေသ၊ အရှေ့အလယ်ပိုင်းဒေသ၊ အာရှ၏ဗဟိုအချက်အချာဒေသများနှင့် အိန္ဒိယနိုင်ငံတို့တွင် စတင်ပေါ်ပေါက်ခဲ့ကြောင်း ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း၌ သက်သေသာဓကများနှင့်တကွ တွေ့ရှိရသည်။

တရုတ်နိုင်ငံတွင် ဆွန် (Sui)မင်းဆက် အေဒီ၅၈၁မှ ၆၁၈ အတွင်း၌ ပါတိတ်ပန်းချီသည် စတင်ပေါ်ပေါက်လာကြောင်း ပြောပြပါ။

ဂျာဗားနှင့်အင်ဒိုနီးရှားတွင် ပါတိတ်ပန်းချီသည် ရှေးရိုးရာဓလေ့အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ပါတိတ်(Batik)စကားလုံးသည် ဂျာဗားဘာသာစကား tik မှ ဆင်းသက်လာပြီး အစက်ဟု အဓိပ္ပာယ်ရကြောင်း ရှင်းပြပါ။

ပိုးချည်ဖြင့် ပြုလုပ်ထားသော ပါတိတ်ပန်းချီကို ဂျပန်နိုင်ငံတွင် နာရာ (Nara) ခေတ် အေဒီ ၇၁၀ မှ ၇၉၄ အတွင်း၌ ပိတ်ကားချပ်သရုပ်ဖော်ပုံများတွင် တွေ့ရှိရသည်။ ထိုပုံများတွင် သစ်ပင်များ၊ သတ္တဝါများ၊ ပလွေတီးမှုတ်သူများ၊ အမဲလိုက်ပုံနှင့် တောင်ပုံများဖြင့် ပုံဖော်ထားသည်။

အလွန်ရှေးကျသည့် ချည်ထည်ပါတိတ်ပန်းချီများကို အိန္ဒိယပြည် အာဂျန်တာလိုဏ်ဂူ(Ajanta Cave)ရှိ ဂူ ၃၀ တွင်တွေ့ရှိရသည်။ အာဂျန်တာဂူများ၏ ဂူနံရံများတွင် ရေးဆွဲထားသောပန်းချီပုံများ

DBE BOX - Copyright Protected

၌ လူများဝတ်ဆင်ထားသည့် အဝတ်အစားများနှင့် လည်ပတ်ပဝါများ၌ ပါတိတ်ပန်းချီများရေးဆွဲထားသည်ကို တွေ့ရှိရသည်။

ထို့ပြင် ဂျာဗားကျွန်းပေါ်တွင် တွေ့ရှိရသောရုပ်ပုံများ၌လည်း လူပုံများရှိအဝတ်အစားများ၌ ပါတိတ်ပန်းချီပုံများကို တွေ့ရှိရသည်။

၁၉၀၀ ပြည့်နှစ် အစောပိုင်းတွင် ဂျာမန်တို့သည် ပါတိတ်ပန်းချီကို များပြားစွာထုတ်လုပ်ခဲ့ကြသည်။ ၁၉၉၉ ခုနှစ်တွင်ပါတိတ်လမ်းညွှန်အဖွဲ့မှ ပါတိတ်အနုပညာနှင့် ဆိုင်သောစာအုပ်ကို ရေးသားဖြန့်ချိခဲ့ကြောင်း ပြောပြပါ။

ပါတိတ်ပန်းချီသည် ပန်းချီနှင့် လက်မှုပညာ ၂ မျိုးစလုံးပါဝင်ပြီး အလွန်အံ့ဩ လူကြိုက်များသည့်အနုပညာတစ်ရပ်ဖြစ်သည်။ ပြုလုပ်ရာတွင် အဝတ်စပေါ်၌ ဖယောင်းဖြင့်ရေးဆွဲခြင်းနှင့် ဆေးဆိုးခြင်းများဖြင့် ပန်းချီကို ပုံဖော်ကြောင်း ပြောပြပါ။

**လေ့ကျင့်ခြင်း** ၂၀ မိနစ်

ကျောင်းသားတစ်ဦးလျှင် A4 တစ်ရွက်ဝေပေးပါ။

ပါတိတ်ပန်းချီသင်ခန်းစာသင်ထောက်ကူကားချပ်ကို နံရံတွင် ချိတ်ဆွဲပြပြီး ကျောင်းသားများအား လေ့လာကြရန် ပြောပြပါ။

ပါတိတ်ပန်းချီသမိုင်းကို လေ့လာရာတွင် ပါတိတ်ပန်းချီသမိုင်းသာမက အဝတ်တွင် ရေးထားသောဒီဇိုင်းနှင့် အသုံးပြုသောအရောင်များကိုပါ လေ့လာရကြောင်း ပြောပြပါ။

ကျောင်းသားများက တစ်ဦးချင်းစီလေ့လာပြီး ရရှိသောမှတ်ချက်များကို အုပ်စုတွင်း ပြန်လည်ဆွေးနွေးရန် ပြောပြပါ။

တစ်အုပ်စုလျှင် A4 တစ်ရွက်ဝေပေးပါ။

အုပ်စုအမည်နှင့် အုပ်စုတွင်ပါဝင်သောသူများ၏ အမည်များကို ရေးစေပြီး နောက်ဘက်စာမျက်နှာတွင် ပါတိတ်ပန်းချီသမိုင်းနှင့် ပါတိတ်ပန်းချီအကြောင်း မှတ်သားမိသမျှကို ဖော်ပြ၍ အဝတ်တွင် ရေးထားသောဒီဇိုင်းနှင့် အရောင်များအပေါ် မှတ်ချက်ပေးထားသည်များကို အုပ်စုတစ်စုစီက ဆွေးနွေးပြီးရေးရန် ပြောပြပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ ပါတိတ်ပန်းချီသမိုင်းကို ရှင်းလင်းပြောပြပါ။

၂။ ပါတိတ်ပန်းချီရှိ ဒီဇိုင်းနှင့် အရောင်အသွေးများကို သုံးသပ်ဆွေးနွေးပါ။

အုပ်စုလိုက် ရှင်းပြချက်နှင့် မှတ်ချက်များကို အောက်ပါအတိုင်းစစ်ဆေးပြီး အဆင့်သတ်မှတ်ပေးမည်။

DEEBOX - Copyright Protected

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A-ပါတိတ်ပန်းချီအကြောင်း ပြည့်စုံစွာရှင်းပြနိုင်ခြင်း။
B-ပါတိတ်ပန်းချီအကြောင်း ရှင်းပြနိုင်ခြင်း။
C-ပါတိတ်ပန်းချီအကြောင်း မရှင်းပြနိုင်ခြင်း။

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A-ပါတိတ်ပန်းချီရှိ ဒီဇိုင်းနှင့် အရောင်အသွေးများကို ကျိုးကြောင်းပြ သုံးသပ်ဆွေးနွေးတတ်ခြင်း။
B-ပါတိတ်ပန်းချီရှိ ဒီဇိုင်းနှင့် အရောင်အသွေးများကို သုံးသပ်ဆွေးနွေးတတ်ခြင်း။
C-ပါတိတ်ပန်းချီရှိ ဒီဇိုင်းနှင့် အရောင်အသွေးများကို မဆွေးနွေးတတ်ခြင်း။

( စစ်ဆေးပြီးသောအဖြေစာရွက်များကို သင်ခန်းစာ(၁၀) ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

သင်ထောက်ကူပစ္စည်း။ ပါတိတ်ပန်းချီသင်ခန်းစာသင်ထောက်ကူကားချပ်၊ A4 စာရွက်များ။

**စာသင်ချိန်(၂)**

**သင်ကြားခြင်း** ၁၀ မိနစ်

## (၁၀-၂) ပါတိတ်ပန်းချီပြုလုပ်ရေးခြယ်ခြင်း

စာမျက်နှာ (၃၉)နှင့် (၄၀)ကို ပြပြီး သို့မဟုတ် ပါတိတ်ပန်းချီသင်ခန်းစာသင်ထောက်ကူကား ချပ်ကို နံရံတွင် ချိတ်ဆွဲပြီး ပါတိတ်ပန်းချီပြုလုပ်ရေးခြယ်ခြင်းအဆင့်များပုံကို ပြ၍ ပြောပြပါ။

ပုံ(၃)ကို ပြပြီး အဆင့်(၁) ပိတ်စပေါ်တွင် ဒီဇိုင်းပုံစံများကို ခဲတံဖြင့် ရေးဆွဲရကြောင်းပြောပြပါ။

ပုံ(၄)ကို ပြပြီး အဆင့်(၂) ဒီဇိုင်းပေါ်တွင်Tjanting ဖယောင်းအစက်ချကိရိယာကိုအသုံးပြု၍ ဖယောင်းရေးခြယ်ရကြောင်း ပြောပြပါ။ (ကိရိယာ မရှိပါက ဖယောင်းတိုင် သို့မဟုတ် ဖယောင်း ရောင်စုံခဲတံဖြင့်ရေးခြယ်နိုင်ကြောင်းပြောပြပါ။)

ပုံ(၅)ကို ပြပြီး အဆင့် (၃) အရောင်များကို ရောစပ်ပြီး ဆေးခြယ်သည်။ ပြီးလျှင် ဆေးလုံးဝ ခြောက်သွားချိန်အထိ အခြောက်ခံရကြောင်း ပြောပြပါ။

ပုံ(၆)ကို ပြပြီး အဆင့်(၄) ဆေးရောင်များမလွင့်စေရန် ချုပ်ဆေး Fixer ကို အဝတ်စပေါ်တွင် သုတ်ပြီး ၈ နာရီခန့်ထားရကြောင်းပြောပြပါ။ (ချုပ်ဆေးမရှိပါက နို့ကော်ဖြူကို ဆေးခြယ်ချိန်၌ပင် ဆေးနှင့် ရောစပ်ပြီး ခြယ်နိုင်သည်။ အချို့က နိုင်လွန်ကော်ရည်ဟု ခေါ်ကြသည်။)

ပုံ(၇)ကို ပြပြီး အဆင့် (၅) ဖယောင်းများကို ဖယ်ရှားရန် ရေနွေးတွင် ဒီဇိုင်းအဝတ်စကို စိမ်ရ သည်။ ဖယောင်းများ ပျော်သွားလျှင် ရေအေးဖြင့် ဆေးကြောရကြောင်းပြောပြပါ။

ပုံ(၈)ကို ပြပြီး အဆင့် (၆) အဝတ်စဒီဇိုင်းကို မီးပူတိုက်ခြင်း သို့မဟုတ် နေလှန်းခြင်းပြုလုပ်၍ အခြောက်ခံရကြောင်း ပြောပြပါ။

DBF BOX Copyright Protected

**လေ့ကျင့်ခြင်း** ၂၅ မိနစ်

ဆရာက ကျောင်းသားတစ်ဦးလျှင် A4 စာရွက် ၂ ရွက်၊ ၁ ပေပတ်လည် ကတ်ထူပြား၊ ၁၄ လက်မပတ်လည် ပိတ် ၁ စ၊ ဖယောင်းတိုင် ၁ ချောင်း၊ တစ်အုပ်စုလျှင် ချုပ်စက် ၁ ခု၊ ဘိုင်နာ ၁ ပုလင်း၊ ၁ လက်မစုတ်ပြား ၁ ချောင်း၊ ရေဇလုံ ၁ လုံး၊ ရေနွေး ၁ ဘူး၊ ချုပ်ဆေး ၁ ဘူးဝေပေးပါ။

ပထမ ၁၀ မိနစ်တွင် ဒီဇိုင်းဆွဲခြင်းနှင့် ဖယောင်းဖြင့် ရေးခြယ်ခြင်းပြုလုပ်ရန် ပြောပြပါ။

ဒုတိယ ၁၀ မိနစ်တွင် အရောင်များကို ချုပ်ဆေးရောစပ်ပြီး ဆေးခြယ်ရန် ပြောပြပါ။

တတိယ ၅ မိနစ်တွင် ရေနွေးတွင် စိမ်ခြင်း၊ ရေအေးဖြင့် ဆေးကြောခြင်းပြုလုပ်ရန်ပြောပြပါ။

ပြီးလျှင် နေလှန်းရန် ပြောပြပါ။(မပြီးလျှင် အားလပ်ချိန်တွင် ဆက်လက်ပြုလုပ်ရန်ပြောပြပါ။)

ပြီးစီးသွားသောပါတိတ်ပန်းချီများနှင့် ပြုလုပ်ခဲ့ပုံအဆင့်ဆင့်တင်ပြချက်များကို အပ်စေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ ပါတိတ်ပန်းချီပြုလုပ်ပုံအဆင့်ဆင့်ကို ပြောပြပါ။

၂။ နှစ်သက်ရာပါတိတ်ပန်းချီတစ်ခုကို ပြုလုပ်ပြပါ။

လေ့ကျင့်ခြင်းမှရရှိသော ကျောင်းသားတစ်ဦးချင်း၏ တင်ပြချက်စာရွက်များနှင့်လက်ရာများကို အောက်ပါအတိုင်း စစ်ဆေးပြီး အဆင့်သတ်မှတ်ပေးမည်။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A-ပါတိတ်ပန်းချီပြုလုပ်ပုံအဆင့်ဆင့်ကို ပြည့်စုံစွာ ပြောပြတတ်ခြင်း။

B-ပါတိတ်ပန်းချီပြုလုပ်ပုံအဆင့်ဆင့်ကို ပြောပြတတ်ခြင်း။

C-ပါတိတ်ပန်းချီပြုလုပ်ပုံအဆင့်ဆင့်ကို မပြောပြတတ်ခြင်း။

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A-ပါတိတ်ပန်းချီတစ်ခုကို လှပသပ်ရပ်စွာ ပြုလုပ်တတ်ခြင်း။

B-ပါတိတ်ပန်းချီတစ်ခုကို ပြုလုပ်တတ်ခြင်း။

C-ပါတိတ်ပန်းချီတစ်ခုကို မပြုလုပ်တတ်ခြင်း။

(စစ်ဆေးပြီးသောတင်ပြချက်များကို သင်ခန်းစာ(၁၀)၊ ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

သင်ထောက်ကူပစ္စည်း။ A4 စာရွက်များ၊ ၁ ပေပတ်လည် ကတ်ထူပြား၊ ၁၄ လက်မပတ်လည် ပိတ် ၁ စ၊ ဖယောင်းတိုင် ၁ ချောင်း၊ တစ်အုပ်စုလျှင် ချုပ်စက် ၁ ခု၊ ဘိုင်နာ ၁ ပုလင်း၊ ၁ လက်မစုတ်ပြား ၁ ချောင်း၊ ရေဇလုံ ၁ လုံး၊ ရေနွေး ၁ ဘူး၊ ချုပ်ဆေး ၁ဘူး။

**အနှစ်ချုပ်အဓိကအချက်**

- ပါတိတ်ပန်းချီသည် ပန်းချီနှင့် လက်မှုပညာ၂ မျိုးစလုံးပါဝင်သည်။ ပြုလုပ်ရာတွင် အဝတ်စပေါ်၌ ဖယောင်းဖြင့်ရေးဆွဲခြင်းနှင့် ဆေးဆိုးခြင်းများဖြင့် ပန်းချီကို ပုံဖော်သည်။

DRI BOX - Copyright Protected

## ၁၁ အသေးစားအနုပညာလုပ်ငန်းစီမံချက် (Mini Art Project)

**သင်ခန်းစာရည်ရွယ်ချက်များ** စာသင်ချိန် ၃ ချိန်၊ တစ်ချိန် ၄၅ မိနစ်

- အသေးစားလုပ်ငန်းစီမံချက်အဆင့်ဆင့်ပြုလုပ်ပုံကို ရှင်းလင်းပြောပြတတ်ရန်
- တစ်နှစ်တာသင်ယူခဲ့သည့်သင်ခန်းစာတစ်ခုကို အုပ်စုလိုက် စိတ်ကြိုက်ဖန်တီးပြတတ်ရန်

**သင်ခန်းစာမိတ်ဆက်ခြင်း** ၅ မိနစ်

တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် ကျား၊ မ မျှ၍ အုပ်စုများဖွဲ့ပြီး မျက်နှာချင်းဆိုင်ထိုင်စေမည်။

အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် ကျောင်းသားများသည် အုပ်စုအလိုက်ဆွေးနွေးတိုင်ပင်ပြီး မိမိတို့ တစ်နှစ်တာသင်ကြားခဲ့သော သင်ခန်းစာများမှ ကြိုက်နှစ်သက်ရာ အနုပညာလက်ရာတစ်ခုစီကို မိမိတို့စိတ်ကြိုက်ပုံစံဖြင့် စုပေါင်းဖန်တီးပြုလုပ်ကြရမည်ဖြစ်ကြောင်း ပြောပြပါ။

အသေးစားအနုပညာလုပ်ငန်းစီမံချက်ဆိုသည့်စကားကို မည်သို့နားလည်သနည်းဟုမေးပါ။

အုပ်စုတွင်း ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်က ဖြေကြားမည်။

အုပ်စုကိုယ်စားလှယ်ကျောင်းသားများ၏အဖြေကို ဆရာက မှတ်တမ်းတင်ပါ။

**စာသင်ချိန်(၁)**

**သင်ကြားခြင်း** ၁၀ မိနစ်

### (၁၁-၁) လုပ်ငန်းစီမံချက်အစီအစဉ်

ပုံ (၁) ကို ပြပြီး တစ်နှစ်တာတွင် သင်ခန်းစာ ၁၀ ခုသင်ကြားခဲ့ပြီးဖြစ်ကြောင်း ပြောပြပါ။

### (၁၁-၁-၁) လုပ်ငန်းခေါင်းစဉ်ရွေးချယ်ခြင်း

အဖွဲ့အုပ်စုတစ်အုပ်စုစီက တစ်နှစ်အတွင်းသင်ယူခဲ့သောသင်ခန်းစာတစ်ခုကို ရွေးချယ်ရမည်ဖြစ်ကြောင်းပြောပြပါ။

### (၁၁-၁-၂) လုပ်ငန်းရည်ရွယ်ချက်နှင့် အချိန်ကာလသတ်မှတ်ခြင်း

အုပ်စုတစ်စုစီ၏ ကျောင်းသားများသည် ရွေးချယ်ထားသောခေါင်းစဉ်ကို လုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်ပြီး မည်သည့်ရည်ရွယ်ချက်ဖြင့် ပြုလုပ်သည်၊ မည်သည့်အချိန်ကာလတွင် မည်သည့် လုပ်ငန်းအစိတ်အပိုင်းကို ပြီးစီးရမည်တို့ကို ဆွေးနွေးမှတ်တမ်းတင်ရကြောင်းပြောပြပါ။

### (၁၁-၁-၃) တာဝန်ခွဲဝေသတ်မှတ်ခြင်း

အုပ်စုတစ်စုစီ၏ ကျောင်းသားများသည် မိမိတို့ရွေးချယ်ထားသောလုပ်ငန်းအား အောင်မြင်စေရန် တစ်ဦးချင်းတာဝန်များကို ဆွေးနွေးတိုင်ပင်ခွဲဝေကြရကြောင်း ပြောပြပါ။

### (၁၁-၁-၄) လိုအပ်သောပစ္စည်းများစုဆောင်းခြင်း

လုပ်ငန်းတွင် လိုအပ်မည့်ပစ္စည်းများကို တိုင်ပင်ပြီး ကြိုတင်စုဆောင်းပြင်ဆင်ကြရန်ပြောပြပါ။

**လေ့ကျင့်ခြင်း** ၂၀ မိနစ်

တစ်အုပ်စုလျှင် A4 ၂ ရွက်ဝေပေးပါ။
ပထမ ၅ မိနစ်တွင် အဆင့်(၁) လုပ်ငန်းခေါင်းစဉ်ရွေးချယ်ရန် ပြောပြပါ။
ဒုတိယ ၅ မိနစ်တွင် အဆင့်(၂) လုပ်ငန်းရည်ရွယ်ချက်နှင့် အချိန်ကာလသတ်မှတ်ရန်ပြောပြပါ။
တတိယ ၅ မိနစ်တွင် အဆင့်(၃) အုပ်စုတွင်း တာဝန်ခွဲဝေသတ်မှတ်ရန် ပြောပြပါ။
စတုတ္ထ ၅ မိနစ်တွင် အဆင့်(၄) လိုအပ်သောပစ္စည်းများကို ဆွေးနွေး၍ရေးရန် ပြောပြပါ။
အုပ်စုအမည်နှင့် အုပ်စုတွင် ပါဝင်သောသူများ၏ အမည်များကို ရေးစေပြီး နောက်ဘက်စာမျက်နှာတွင် အဆင့်လိုက် လုပ်ငန်းများကို ဆွေးနွေးပြီး မှတ်တမ်း ၂ စုံပြုစုရန် ပြောပြပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ အသေးစားအနုပညာလုပ်ငန်းအဆင့် (၁)မှ (၄)အထိ ဆောင်ရွက်မှုမှတ်တမ်းကို တင်ပြပါ။
အုပ်စုလိုက်တင်ပြချက်များကို အောက်ပါအတိုင်းစစ်ဆေးပြီး အဆင့်သတ်မှတ်ပေးမည်။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A-လုပ်ငန်းအဆင့် ၄ ဆင့်ကို ပြည့်စုံစွာ တင်ပြနိုင်ခြင်း။
B-လုပ်ငန်းအဆင့် ၄ ဆင့်ကို တင်ပြနိုင်ခြင်း။
C-လုပ်ငန်းအဆင့် ၄ ဆင့်ကို မတင်ပြနိုင်ခြင်း။
(စစ်ဆေးပြီးသောတင်ပြချက်များကို သင်ခန်းစာ (၁၁) ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

သင်ထောက်ကူပစ္စည်း။ A4 စာရွက်များ။

**စာသင်ချိန်(၂)**

**သင်ကြားခြင်း** ၁၀ မိနစ်

**(၁၁-၁-၅) လက်တွေ့လုပ်ငန်းလုပ်ကိုင်ခြင်း**

အုပ်စုတစ်စုစီက ရွေးချယ်ထားသောလုပ်ငန်းကို ခွဲဝေထားသော တာဝန်များအလိုက်သတ်မှတ်ထားသော အချိန်အတွင်းပြီးစီးအောင် လုပ်ကိုင်ကြရန် ပြောပြပါ။

**(၁၁-၁-၆) လုပ်ငန်းစဉ်ကို နေ့စွဲအလိုက်မှတ်တမ်းတင်ခြင်း**

လုပ်ငန်းစတင်ပြုလုပ်သည့်နေ့မှ စတင်ပြီး လုပ်ငန်း၏အစိတ်အပိုင်း၊ လုပ်ဆောင်မှုပုံစံ၊ ပါဝင်လုပ်ဆောင်သူများစသည်ဖြင့် နေ့စွဲအလိုက်မှတ်တမ်းတင်ရကြောင်း ပြောပြပါ။

DBE BOX Copyright Protected

**လေ့ကျင့်ခြင်း** ၂၀ မိနစ်

တစ်အုပ်စုလျှင် A4 ၂ ရွက်ဝေပေးပါ။

ပြီးခဲ့သောစာသင်ချိန်တွင် ရွေးချယ်ထားသောခေါင်းစဉ်အရ လိုအပ်သောပစ္စည်းများစုံလင်မှုရှိမရှိ ဆရာက အုပ်စုအလိုက်စစ်ဆေးပါ။ လိုအပ်ပါက ဆရာက ကြီးကြပ်ဖြည့်စွက်မှာကြားပါ။

ပြီးလျှင် အုပ်စုက ရွေးချယ်ထားသောလုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော်ပြုလုပ်ရန် ပြောပြပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ အသေးစားအနုပညာလုပ်ငန်းအတွက် မိမိပြီးမြောက်သောလုပ်ငန်းအခြေအနေကို တင်ပြပါ။

အုပ်စုလိုက် တင်ပြချက်များကို အောက်ပါအတိုင်းစစ်ဆေးပြီး အဆင့်သတ်မှတ်ပေးမည်။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A-လုပ်ငန်း၏ ၅၀ %ပြီးမြောက်ခြင်း။

B-လုပ်ငန်း၏ ၄၀ %ပြီးမြောက်ခြင်း။

C-လုပ်ငန်း၏ ၃၀ %ပြီးမြောက်ခြင်း။

(စစ်ဆေးပြီးသောတင်ပြချက်များကို သင်ခန်းစာ (၁၁) ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

သင်ထောက်ကူပစ္စည်း။ A4 စာရွက်များ၊ စုဆောင်းထားသောပစ္စည်းများ။

**စာသင်ချိန်(၃)**

**သင်ကြားခြင်း** ၁၀ မိနစ်

ပြီးခဲ့သောစာသင်ချိန်တွင် ပြီးမြောက်ခဲ့သောလုပ်ငန်းကို ယခုစာသင်ချိန်တွင် ပြီးစီးအောင် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်းပြောပြပါ။

**(၁၁-၁-၇) လုပ်ငန်းကို ပြန်လည်တင်ပြခြင်း**

ပြပွဲအခမ်းအနားတစ်ခုပြုလုပ်ပြီး အုပ်စုတစ်စုစီက မိမိတို့ရွေးချယ်ပြုလုပ်ခဲ့သောလုပ်ငန်းနှင့် ပတ်သက်ပြီး စီစဉ်ပြုလုပ်ခဲ့ပုံကို ပြန်လည်တင်ပြခြင်းနှင့် ပြုလုပ်ခဲ့သောပစ္စည်းကို ပြသခြင်းများပြုလုပ်ကြရန် ပြောပြပါ။

**လေ့ကျင့်ခြင်း** ၂၀ မိနစ်

တစ်အုပ်စုလျှင် A4 ၂ ရွက်ဝေပေးပါ။

ပြီးခဲ့သောစာသင်ချိန်တွင် ရွေးချယ်ထားသောခေါင်းစဉ်အရ လိုအပ်သောပစ္စည်းများစုံလင်မှုရှိ

DRE BOX - Copyright Protected

မရှိ ဆရာက အုပ်စုလိုက်စစ်ဆေးပါ။ လိုအပ်ပါက ဆရာက ကြီးကြပ်ဖြည့်စွက်မှာကြားပါ။

ပြီးလျှင် အုပ်စုက ရွေးချယ်ထားသောလုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော်ပြုလုပ်ရန် ပြောပြပါ။

အုပ်စုတစ်စုချင်း ဆောင်ရွက်နေသည်များကို ဆရာက လိုက်လံကြည့်ရှုပြီး လုပ်ငန်းလျှင်မြန်စွာဆောင်ရွက်နိုင်ရန်၊ အားလုံးပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် လုပ်ငန်းအချိန်မီပြီးစီးရန်တို့ကို ကြီးကြပ်ပေးပါ။

အုပ်စုအမည်နှင့် အုပ်စုတွင်ပါဝင်သောသူများ၏ အမည်များကို ရေးစေပြီး နောက်ဘက်စာမျက်နှာတွင် အသေးစားလုပ်ငန်းစီမံချက်လုပ်ငန်းစဉ်အတိုင်း လုပ်ငန်းပြန်လည်တင်ပြခြင်းကိုလည်းရေးသားရန်ပြောပြပါ။

ပြီးမြောက်သွားသောအသေးစားလုပ်ငန်းကိုလည်း ဆရာထံ အပ်ကြရန် ပြောပြပါ။

## ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း ၅ မိနစ်

၁။ အသေးစားလုပ်ငန်းစီမံချက်အဆင့်ဆင့်ပြုလုပ်ပုံကို ရှင်းလင်းပြောပြပါ။

၂။ တစ်နှစ်တာသင်ယူခဲ့သည့်သင်ခန်းစာတစ်ခုကို အုပ်စုလိုက် စိတ်ကြိုက်ဖန်တီးပြပါ။

လေ့ကျင့်ခြင်းမှရရှိသော အုပ်စုတစ်စုစီအဖြေစာရွက်များကို အောက်ပါအတိုင်း စစ်ဆေးပြီး အဆင့်သတ်မှတ်ပေးမည်။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A-အသေးစားလုပ်ငန်းစီမံချက်အဆင့်ဆင့်ပြုလုပ်ပုံကို အစီအစဉ်ကျနစွာ ပြောပြတတ်ခြင်း။

B-အသေးစားလုပ်ငန်းစီမံချက်အဆင့်ဆင့်ပြုလုပ်ပုံကို ပြောပြတတ်ခြင်း။

C-အသေးစားလုပ်ငန်းစီမံချက်အဆင့်ဆင့်ပြုလုပ်ပုံကို မပြောပြတတ်ခြင်း။

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A-တစ်နှစ်တာသင်ယူခဲ့သည့်သင်ခန်းစာတစ်ခုကို အုပ်စုလိုက် စိတ်ကြိုက်ဖန်တီးပြတတ်ခြင်း။

B-တစ်နှစ်တာသင်ယူခဲ့သည့်သင်ခန်းစာတစ်ခုကို အုပ်စုလိုက် ဖန်တီးပြတတ်ခြင်း။

C-တစ်နှစ်တာသင်ယူခဲ့သည့်သင်ခန်းစာတစ်ခုကို အုပ်စုလိုက် ဖန်တီး မပြတတ်ခြင်း။

(စစ်ဆေးပြီးသောတင်ပြချက်များကို သင်ခန်းစာ(၁၁)၊ ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။ စစ်ဆေးပြီးသောလက်ရာများကို ပြပွဲပြသနိုင်ရန် ဆရာက ဆောင်ရွက်ပါ။)


သင်ထောက်ကူပစ္စည်း။ A4 စာရွက်များ။

**အနှစ်ချုပ်အဓိကအချက်**

- တစ်နှစ်တာသင်ကြားခဲ့သော သင်ခန်းစာများမှ ကြိုက်နှစ်သက်ရာအနုပညာလက်ရာတစ်ခုစီကို အုပ်စုလိုက် မိမိတို့စိတ်ကြိုက်ပုံစံဖြင့် စုပေါင်းဖန်တီးပြုလုပ်သည်။

DDEBOA - Copyright Protected

**သင်ကြားခဲ့သည့်အကြောင်းအရာများကို ပြန်လည်သုံးသပ်ခြင်း။**




DBEBOX - Copyright Protected

## မှီငြမ်းကိုးကားစာရင်း


၁။ မြန်မာစာအဖွဲ့ - မြန်မာအဘိဓာန်၊ ၁၉၉၁ ခုနှစ်၊ စက်တင်ဘာလ
၂။ လှတင်ထွန်း - မြန်မာပန်းချီရေစီးကြောင်း၊ ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ
၃။ ကျော်သူရိန် - ၁၃ ရာစုနှောင်းပိုင်းမှ ၁၉ ရာစုအစောပိုင်းအထိ ကမ္ဘာ့ပန်းချီသမိုင်း၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ
၄။ သုတေသီ ရာမညကိုကိုနိုင် - မြန်မာ့ပန်းချီသမိုင်း၊ စာပေဗိမာန်၊ ၁၉၉၇ ခုနှစ်
၅။ ဂျီလှမောင် - ကမ္ဘာ့ပန်းချီသိ-ဗမာ့ပန်းချီသိ၊ ၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ
၆။ ဒဂုန်နတ်ရှင် - မြန်မာ့ရိုးရာလုပ်ငန်း ဆယ်ပွင့်ပန်း၊ စာပေဗိမာန်
၇။ တင်မောင်ကြည်၊ ဒေါက်တာ - ဟန်လင်း၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ၊ ယူနက်စကို
၈။ Ian Chilvers - Dictionary of Art & Artists, 2012,Oxford
၉။ Daniel Wildenstein - Monet,The impressionist1988,Great Britain
၁၀။ W. UHDE - Van Gogh, 1970, Germany
၁၁။ Parragon - Essential History of Art, 1988, London
၁၂။ Limpei Morimoto - Origami,NoA, 1994, Tokyo
၁၃။ Amanda Green - Pablo Picasso, 2018,
၁၄။ Ray Smith - An Introduction to Watercolour,1995,London


DBE BOX Copyright Protected